
www.burmeseclassic.com



# သုမောင်

## ပြည်ပသွား လွမ်းစကား

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ ၂၀၁၁၊ ဇွန်လ၊ အုပ်ရေ ၅၀၀

**စာမူခွင့်ပြုချက်အမှတ်**

၄၀၀၇၃၉၀၇၁၀

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၁၀၅၇၁၀၁၀

**စီစဉ်သူ**

နီနီအောင်

**မျက်နှာဖုံးဒီဇိုင်း**

လင်းနိုင်ဦး

**အတွင်းပုံနှိပ်သူ**

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်)၊

အမှတ်-၈၇၊ (၅၆)လမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)၊

အမှတ်-၁၇၁၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးကျော်ဆန်း(ရဲအောင်စာပေ)

အမှတ်-၂၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး** ၁၂၀၀

၈၀၉.၈၄

သုမောင်

ပြည်ပသွား လွမ်းစကား/သုမောင်-ရန်ကုန်။ ရဲအောင်စာပေ၊ ၂၀၁၁။

၁၅၀ -စာ ၊ ၁၂.၅× ၁၇.၅စင်တီ။

(၁) ပြည်ပသွား လွမ်းစကား

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | | |
|---|---|---|---|
| - | စေတနာ စာ | .... | ၇ |
| - | ကျေးဇူး စာ | .... | ၁၁ |
| ၁ | နိုင်ငံရပ်ခြား လွမ်းစကား | .... | ၁၃ |
| ၂ | ယိုးဒယားနိုင်ငံ(၁၉၉၂) | .... | ၁၇ |
| ၃ | အသည်းစွဲတဲ့ ဟောင်ကောင်သူရယ် | .... | ၂၃ |
| ၄ | အမှုံးမပြေ ဟောင်ကောင်မြေ | .... | ၃၁ |
| ၅ | "မကာအို"ဆိုပဲ | .... | ၃၇ |
| ၆ | မကာအိုပွဲ | .... | ၄၃ |
| ၇ | အမေရိကား အမေရိကား | .... | ၄၉ |
| ၈ | မုန့်ကုလားမည်း | .... | ၅၅ |
| ၉ | ဂျနီဗာဘဝမ်း တဲ့ | .... | ၆၁ |




www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၁၀ | အကြမ်းဖက်သမား | ---- ၆၇ |
| ၁၁ | အမေရိကန်ကျောင်းသား | ---- ၇၃ |
| ၁၂ | အမေရိကန်နိဂုံး | ---- ၇၉ |
| ၁၃ | မလေးရှားပွဲမဟာ | ---- ၈၅ |
| ၁၄ | မလေးရှားမှာ ယမကာရှာ | ---- ၉၁ |
| ၁၅ | တစ်လုတ်စားမှု | ---- ၉၅ |
| ၁၆ | စင်ကာပူဆိုတာဟာ | ---- ၁၀၃ |
| ၁၇ | ယမကာနှင့် အခရာ | ---- ၁၁၁ |
| ၁၈ | စင်ကာပူနတ် | ---- ၁၁၉ |
| ၁၉ | စင်ကာပိုရီယန်နှင့် အမေရိကန် | ---- ၁၂၇ |




www.burmeseclassic.com

www.burmeseclassic.com

## စေတနာ စာ

'ကွမ်းစကား' ဆိုသော ခေါင်းစဉ်ဖြင့် စာအုပ်များ ထုတ်ဝေခဲ့ရာ ရောင်းကောင်းသောကြောင့် ယခုစာစုကို 'ပြည်ပသွား ကွမ်းစကား' ဟု မလိမ့်တပတ် လုပ်ချလိုက်တာဟု မထင်ကြစေချင်ပါ။ လူ့သဘာဝကား တစ်စုံတစ်ရာ အောင်မြင်လျှင် နောက်ဆက်တွဲ လုပ်တတ်ကြတာ ဓမ္မတာမို့ ထိုသို့ ရောယောင် နောက်လိုက်သဘော မြင်သွားမှာကို စိုးရိမ်မိပါသည်။

တကယ်တော့ ဤစာစုပါ ပြည်ပသွား ဆောင်းပါးများမှာလည်း အများ သူငါတို့ ရေးသားနေကြသော 'ခရီးသွားဆောင်းပါးဟန်'၊ 'အတွေ့အကြုံဟန်'၊ 'ဗဟုသုတဟန်'စသည်မျိုးများ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရပါ။ ကျွန်တော်သည်လည်း ထိုသို့သော စာပေပုံစံမျိုးများ ရေးကျင့် နည်းပါးပါသည်။ ကုန်ကုန်ပြောကြကြေးဆိုလျှင် ပြည်တွင်း ခရီးသွားဆောင်းပါးပင် အရေးကျဲသူ ဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် တကယ်ပင် ပြည်ပခရီး အတော်များများ လည်း သွားရောက်ခဲ့ဖူး နေခဲ့ပါသည်။ သွားရောက်ရတိုင်းလည်း အမှတ်မထင်ချည်းဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်သော သဘောများ မရှိခဲ့ပါ။ ပင်ကို သဘာဝကိုက ခရီးသွားလျှင် စိတ်လွတ် လက်လွတ်သာလျှင် သွားလာချင်သောကြောင့် ဒေသန္တရ၊ ဘာသန္တရများလည်း တကူးတကန့် မှတ်သား မနေမိပါ။ ရိုးရိုး ပြောကြကြေးဆိုလျှင် ရေမြေတောတောင် တိုက်တာအိမ်ခြေ စသော အခြေခံ လူ့အဆောက်အအုံတို့မှာ သူ့ဘာသာသူ အတူတူ ဟုသာ ကျွန်တော် သဘောပေါက်ပါသည်။ ခုနှယ်ခါတွင် ကမ္ဘာကြီးမှာ အရာတော်တော်များများ တူနေကြပြီလည်း ဖြစ်နေပြန်ပါပြီ။ ထို့ကြောင့် ပြည်ပကိစ္စ ကျွန်တော် သိသမျှ ရေးပြလို့လည်း စလောင်း ထိုင်ကြည့်ရှုမျှလောက် အရာမထင်နိုင်ပါ။ သာမန် ရုပ်ရှင်ကြည့်ရှုမျှနှင့်ပင် လုံလောက်ပါသည်။ ထို့ပြင် ကျွန်တော်သည် စောစောက ပြောသလို အမှတ်တရ မှတ်တမ်းတင်လေ့ရှိသူ မဟုတ်ပြန်ရာ မှတ်မိသမျှ ပြန်ရေးလို့လည်း ဖတ်သူအတွက် အကျိုးမရှိတန်ရာပါ။ သို့သော် ကျွန်တော်သည် လူ့ သဘာဝ ကတ်သီးကတ်သတ် သဘောလေးတွေကို ရှာဖြေ ရေးသားနေတတ်သူ ဖြစ်နေပါသည်။ 'ကွမ်းစကား' စာစုများမှာ ထို



www.burmeseclassic.com

www.burmeseclassic.com



အရသာကို ပေးခြင်းဖြစ်ပါသည်။ ကျွန်တော်၏ 'လွမ်းစကား' စာစုများသည် ကျွန်တော်၏ ကိုယ်တွေ့ မိသားစု ပုံပြင်များ၊ ကျွန်တော့် ပတ်ဝန်းကျင်မှ လူပုဂ္ဂိုလ်ကြီးငယ်၊ ဆင်းရဲချမ်းသာ၊ ပညာရှိ ပညာမဲ့တို့၏ အခြေအနေများသာ ဖြစ်ပါသည်။ သို့သော် ထိုအဖြစ်သနစ်တို့ကို သေချာဂန ကြည့်ပြန်သော် လူသား တော်တော်များများ ဖြစ်လေ့ဖြစ်ထရှိသော စရိုက် လက္ခဏာများပင် ဖြစ်နေပြန်သည်ကို တွေ့ရပါသည်။

ခုနှယ်ခါတွင် ပြည်ပခရီးသို့ သွားဖန်များ၍ ကျွန်တော် ထိတွေ့ဆက်ဆံ ခဲ့ရသော လူပုဂ္ဂိုလ်များ၊ အခြေအနေများကို အမှတ်တမဲ့ သတိပြုမိသောအခါ ကျွန်တော် ရေးနေကျ 'လွမ်းစကား' စာစုများထဲက ကျွန်တော့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း လူပုဂ္ဂိုလ်များ၊ အခြေအနေများနှင့် မတော်တဆ သွားပြီး တူနေတာ တွေ့ရပါသည်။ ထိုအခါ 'ပြည်ပ' ဆိုတာ ပြောပစရာ မဟုတ်တော့ပေ။ နေရာ ဒေသ ကွာခြားမှုသာ ဖြစ်နေပါသည်။ လူသည် လူသာပါပဲ ဖြစ်ပါသည်။

သို့သော် 'ကမ္ဘာကြီးသည် ရွာကြီးဖြစ်သွားပြီ'ဟူ၍ မည်သူ ကပင် ဆိုကြစေကာမူ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ရေ မြေ တောတောင်နှင့် အချုပ်အခြာ အာဏာ စည်းမျဉ်း ဆိုတာများ ရှိနေသရွေ့ ကာလပတ်လုံး 'ပြည်ပ'ဆိုတာ သုံးနှုန်း နေကြဦး မည်သာ ဖြစ်ပါသည်။

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်၏ ဤစာစုများကို 'ကွမ်းစကား' စာရင်း သွင်းချင်ပါသော်လည်း 'ပြည်ပသွား လွမ်းစကား' ဟု ဝိသေသထူးလိုက်ရပါသည်။

ခင်မင်လေးစားသော

သုမောင်

၁၃-၃-၂၀၀၉

(၄၈-နှစ်မြောက်မွေးနေ့)



www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူး စာ

ဤပြည်ပသွား လွမ်းစကား စာစုများမှာ ဟိုတစ်စ သည်တစ်စ ဂျာနယ်၊ မဂ္ဂဇင်းများမှာ ရေးခဲ့ပြီး ဖြစ်ပါသည်။ မဂ္ဂဇင်း၊ ဂျာနယ် တို့၏ 'မူ'ကို လိုက်ပြီး ရေးပါသည်။ ဥပမာ– ဟာသမဂ္ဂဇင်းမှာ ကျွန်တော့် စာမူကို ဟာသဘက်နွှယ် ရေးပါသည်။ အတွေးအခေါ် ဂျာနယ်ကျတော့ 'ဒဿန'နှင့် ယှဉ်၍ ရေးပါသည်။

သည်လိုနှင့် တစ်နေ့တွင် စာဖတ်သူ မိတ်ဆွေတစ်ယောက်က ပြည်ပသွား အတွေ့အကြုံများကို တစ်စုတစ်စည်းတည်း ပေါင်းဖတ်ရပါက စာဖတ်သူ အတွက် အကျိုးရှိမည်ဟု စေတနာ ပြုလာခဲ့ရာ ကျွန်တော်က သူ့စကားကို အလေးထား လိုက်ရပါ သည်။

ရန်အောင်စာပေ–၂

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော့် ထံမှ အပတ်စဉ် စာမူတောင်းခံနေသော First ဂျာနယ်ကို 'ပြည်ပသွား' စာစကားများ မှန်မှန် ရေးပေးရန် ဆုံးဖြတ်ရပါသည်။ 'အကြောင်းအရာ'နှင့် 'ရေးဟန်'ကိုလည်း တစ်သမတ်တည်းဖြစ်ရန် ကြိုးစားရပါသည်။ ယခုအခါ (နောက်ထပ် ပြည်ပခရီး မကြုံမီအတွင်းအထိ) အတော်ကလေး ပြည့်စုံနေပြီမို့ ပေါင်းချုပ်သဘော ထုတ်ဝေလိုက်ပါသည်။

ထို့ကြောင့် မူလစာမူများ ဖော်ပြပေးခဲ့သော ဂျာနယ်၊ မဂ္ဂဇင်းများအားလည်းကောင်း၊ နောက်ပိုင်း အပတ်စဉ် ဖော်ပြပေးသော First ဂျာနယ်အား လည်းကောင်း၊ ယခု ပေါင်းစုထုတ်ဝေပေးသော 'ရန်အောင်စာပေ-၂'အား လည်းကောင်း ကျေးဇူးတင်ရှိပါသည်။

ချစ်ခင်လေးစားသော

သုမောင်



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံရပ်ခြား လွမ်းစကား

ရိုးရိုး ပြောရရင်တော့ ခုရေးမယ့် စာစုတွေဟာ နိုင်ငံရပ်ခြားက ပြန်လာရင်း ရေးသားတတ်တဲ့ စာမူတွေပါ။ တချို့ကို 'ခရီးသွား ဆောင်းပါး'လို ရေးတယ်။ တချို့က အတွေ့အကြုံ စာမူလို ဖြစ်သွားတယ်။ တချို့ကျတော့ 'ဘဝမှတ်တမ်း'ထဲ ပါသွားတယ်။ ဝတ္ထုအဖြစ် ဖွဲ့ခဲ့တာတွေလည်း ရှိခဲ့ပါရဲ့။ ချုပ်ပြောရရင်တော့ ခလေ့ပုံစံအမျိုးမျိုးနဲ့ ကြုံရာ(တောင်းခံရာ) မဂ္ဂဇင်း ဂျာနယ်ကို လိုက်လို့ ရေးသား ပေးပို့ခဲ့ပါတယ်။

ကျန်တဲ့ အဖြစ်အပျက်တွေလည်း ကျန်တာပေါ့။ သဘော ကတော့ စာမူမျိုးစုံ သင့်ရာ သင့်ရာ တိုက်တွေကို ရောက်သွားတော့ ဟိုတစ်စ သည်တစ်စနဲ့ စာဖတ်သူလည်း မျိုးစုံ သွားတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင် ကျွန်တော့် စာဖတ်ပရိသတ်တွေက အပြည့်အစုံ မဖတ်ရတော့ဘူး။ သူတို့က တစ်စုတစ်စည်းတည်း (တစ်ကိုယ်တည်း) ဖတ်ချင်ကြတယ်လို့ ဆက်သွယ် လာခဲ့ကြပါတယ်။ ဒါကြောင့် အပတ်စဉ် ရေးဖြစ်တဲ့ The First Music News ကို ရွေးလိုက်ပါတယ်။ ကိုအောင်စိုးသူကလည်း စာမူ မပြတ် လိုချင်တယ်။ ပြီးတော့ ဂီတ အကြောင်းအပြင် အခြား အကြောင်းတွေပါ ရေးဖို့ ပြောလာပါတယ်။ ဟုတ်ကဲ့ပါ။ (အယ်ဒီတာအဖွဲ့နဲ့ ပရိသတ်က နှစ်သက်တယ် ဆိုရင်ပေါ့။)

ဒီနေရာမှာ The First Music News မှာ မရေးဘူးတာ တစ်ကြောင်း၊ စာပေပုံသဏ္ဌာန် အမျိုးမျိုးဖြစ်နေခဲ့တာ တစ်ကြောင်း၊ ခုနှယ်ခါမှာ ရေးဟန်ရော ပုံစံပါ တစ်သမတ်တည်း ဖြစ်စေချင်တာ တစ်ကြောင်း၊ ဂျာနယ်၊ မဂ္ဂဇင်း အလိုက် သူ့စာဖတ်သူနဲ့သူ ဖြစ်နေတာတစ်ကြောင်း စသဖြင့် ပြန်ရေးရပါတယ်။ (မရေးဘူးသေးတဲ့ ရှုထောင့် မတူတဲ့ စာမူ) ဘာပဲဖြစ်ဖြစ် ဒီစာမူတွေဟာ ခရီးသွား ဆောင်းပါးပုံစံ မဖြစ်ချင်ပါဘူး။ ကိုယ်ကလည်း ခရီးသွား ဆောင်းပါး သိပ်မရေးချင်ပါဘူး။ ခရီးသွား ဆောင်းပါး ဆိုတာက လွယ်မယောင်နဲ့ ခက်တယ်။ အချက်အလက် စုရတာအပြင် ရှုထောင့် လှပဖို့လည်း ဂရုစိုက်ရတယ်။ သုတရော၊ ရသပါ ပါရတယ်။ ကျွန်တော့်သဘောက "ခရီးသွားတယ် ဆိုတာက ဒေသန္တရ ဘာသန္တရ ဗဟုသုတတွေ ရဖို့ထက် နေရာဒေသ ကွဲပြားပေမယ့် လူဆိုတဲ့ သတ္တဝါနဲ့ တူညီတဲ့ စိတ်ထားတွေကို ဖော်ပြချင်တာပါ"။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ အရှေ့၊ အနောက်၊ အလယ် စသဖြင့် ပြည်ပခရီး တော်တော် များများ သွားဖူးခဲ့ပါတယ်။ နေရာဒေသ၊ အရောင်အသွေး၊ ယဉ်ကျေးမှု၊ သဘာဝတရား ဘယ်လိုပဲ ကွဲကွဲ လူတန်းစား ဘယ်လိုပဲ မညီမျှ မညီမျှ ကြမ်းကြုတ်တဲ့ စိတ်ထားနဲ့ ယဉ်ကျေးပျူငှာတဲ့ စိတ်ထားမှာတော့ တူညီ နေကြတာပါပဲ။ ချမ်းသာတဲ့ နိုင်ငံကြီးတွေမှာ အလွန် ဆင်းရဲတဲ့သူတွေ ရှိသလို၊ ဆင်းရဲတဲ့ နိုင်ငံတွေမှာ ချမ်းသာပါတယ်ဆိုတဲ့ နိုင်ငံကြီးတွေက လူတွေထက် ချမ်းသာတဲ့ လူတွေလည်း ရှိတတ်ကြပါတယ်။

ကျွန်တော်ဟာ 'ဘောလ်ပင်'နဲ့ စာရေးနေတဲ့သူ ဖြစ်ပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ မွေးနတ်ဓာဂနာလေး ကိုင်ထား တယ်လို့ပဲ ထင်နေပါတယ်။ ဟုတ်ပါရဲ့ ကျွန်တော်ဟာ လူ့စရိုက် သဘာဝ အခြေခံလေးတွေကို ရှာကြံနေတဲ့ သူပါပဲ။ ကြိုကြား ပေါက်နေတဲ့ ဆံပင်ဖြူလေးတွေကို ရှာဖွေ နုတ်ယူပြီး ဘိုးအေ ဘွားအေတွေကို ချပြပြီး မုန့်ဖိုးတောင်းတက်တဲ့ ကလေး တစ်ယောက်နဲ့ မတူပေဘူးလား။

ကောင်းပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

## ယိုးဒယားနိုင်ငံ(၁၉၉၂)

ိုင်ငံခြားဆိုတာ အိပ်မက်ထဲ ထည့်မမက်ခင်မှာဘဲ ယိုးဒယား ောက်သွားခဲ့ပါတယ်။ (ကြားဖြတ် ပြောရရင် ၁၉၈၄ တုန်းကတော့ ိုင်ခြား မြို့လေးတစ်မြို့ စာပေဟောပြောပွဲ သွားရင်း တရုတ်ပြည် ယ်စပ်ကျေးရွာကလေးပေါ် ခြေချဖူးပါတယ်။ တကယ့်ကို ိုင်ခြား မှတ်တိုင် ဟိုဘက် ခြေချခဲ့တာပါ) အဲ– ယိုးဒယား ကျတော့ ရန်နောင်းမြို့ထဲအထိ နှံ့နှံ့စပ်စပ် ရောက်ခဲ့တာပါ။ ပြောရရင် ာကိစ္စနဲ့ပါပဲ။ (ကိုအောင်စိုးသူရေ ခွင့်လွှတ်ပါ၊ ဂီတပါသွားတယ် ာ)

သွားရင်းက 'ကော့သောင်းမြို့' ဖျော်ဖြေပွဲပါ။ ခေတ်ပေါ် ဂီတ်ရှိုးတွေ ခေတ်စားနေတုန်း ကော့သောင်းကရော၊ ရနောင်း



www.burmeseclassic.com

www.burmeseclassic.com



ကပါ ပရိသတ်တွေ တောင်းဆိုတာကြောင့် မြန်မာသံစစ်စစ်တွေ ဆိုင်းနဲ့ ဝိုင်းနဲ့ သွားဆိုရတာပါ။ ဖျတ်ခနဲ မှတ်မိနေတာက အဲဒီပွဲမှာ ကော့သောင်းကို ဗီဒီယိုရိုက်ဖို့ **'စိုးသူ'**နဲ့ 'ထွန်းအိန္ဒြာဗို' တို့ ရောက်ရှိနေတာပါပဲ။ ဘာရှိဦးမှာလဲ။ **'မိနိုင်'**ဟာ ချောချော ငယ်ငယ်လေးပေါ့။ ရုပ်ရှင်မင်းသမီး အဆိုတော် မဖြစ်သေးပါဘူး။ ကျွန်တော်က ဆိုင်းဝိုင်းနဲ့ ဆိုနေရာက "သချ်ာဆရာမ" ဆိုတဲ့ ဘိုသံသီချင်း ကောက်ဆိုလိုက်တော့ ပုဏ္ဏား ကွယ်ကြားကနေ 'အနိုင်'နဲ့ ထွန်းအိန္ဒြာဗိုတို့က ချောင်းကြည့်နေကြလေရဲ့။ သူတို့က သုမောင် 'ဘို'သံ ဆိုလို့ အံ့ဩနေကြပုံရတယ်။

ဒီလိုနဲ့ တစ်နေ့မှာ ဟိုဘက်ကမ်း 'ရနောင်း'ကို အနုပညာရှင်တွေ ကူးပြီး လည်ကြဖို့ တာဝန်ရှိသူတွေက စီစဉ်ပါတယ်။ ကျွန်တော်က လူတွေ တစ်ပြုံတစ်မကြီးနဲ့ သွားရလာရတာ ဝါသနာမပါဘူး။ ဒါကြောင့် နေရစ်တယ်။ ရယ်စရာ ကောင်းတာက အစ်မကြီး (ဒေါ်)တင်တင်မြနဲ့ သူ့ယောက်ျား A1 စိုးမြင့်တို့ကတော့ မော်တော်စီးရမှာ ကြောက်လို့ဆိုပြီး နေရစ်ခဲ့တာပါပဲ။ ကျွန်တော့် အကြံက ကော့သောင်းနဲ့ ရနောင်း ကူးချည်သန်းချည် ကုန်သယ်နေတဲ့ တူမလေး တစ်ယောက်နဲ့ သွားဖို့ပါ။ အဲဒီအကြံ အောင်မြင်ပါတယ်။ ကျွန်တော်နဲ့ အေးဘုံ နှစ်ယောက်တည်း ရနောင်းဘက်ကူးသွားကြပါတယ်။ အဲဒီအချိန်ကတော့ ကိုယ့်နိုင်ငံနဲ့ နှိုင်းပြီး သန့်ရှင်းတာတွေ၊ မော်တော်ကားတွေက လက်ဝဲမောင်း ပြောင်းပြန်

www.burmeseclassic.com



သွားလာနေကြတာတွေပဲ သတိထားမိပါတယ်။ တိရစ္ဆာန်ရုံလည်း ရောက်ခဲ့တယ် ထင်ပါရဲ့။

ပြောချင်တာက အဲဒီကာလမှာ မော်လမြိုင် မှောင်ခို ဈေးကွက် ပျက်သွားလို့ ဈေးသည်တွေဟာ ကော့သောင်းမှာစုပြီး ရနောင်းနဲ့ ကုန်စည် ဖလှယ် နေကြပါတယ်။ ခုခေတ်လို တရားဝင် တော့ ဟုတ်ပုံ မပေါ်ပါဘူး။ မှောင်ခိုပဲ ထားပါတော့။ ဒီမှာ ကျွန်တော် သတိထားမိတာက ကျွန်တော့်တူမလို ဒီဘက်ကမ်းမှာ အခြေချပြီး ဟိုဘက်ကမ်းဆီ ကုန်သွယ် သွားကြသူတွေ ရှိသလို ဟိုဘက်ကမ်းမှာပဲ အခြေချပြီး ဈေးရောင်းနေကြတဲ့ မြန်မာတွေ ပါပဲ။ ခုခေတ်လို ပြောရရင်တော့ တရားမဝင် လုပ်သားတွေ ပေါ့လေ။

ပထမတော့ မသိပါဘူး။ ယိုးဒယားနဲ့မြန်မာက နယ်ချင်း စပ်တာကိုး။ ဒါပေမယ့် ဈေးထဲသွားတော့မှ ကျွန်တော့်ကို မှတ်မိပြီး နှုတ်ဆက်ကြတဲ့ ဈေးသည်တွေကို တွေ့ရမှ သတိရတာပါ။ ထူးဆန်းတာက သူတို့ဟာ ရဲရဲတင်းတင်း နှုတ်မဆက်ရဲကြဘဲ အနားကပ်ပြီး တိုးတိုး နှုတ်ဆက်ကြတာပါ။ ဒါပေမယ့် အသံ တိုးတိုးလေးတွေဟာ လှိုက်လှိုက်လှဲ့လှဲ့ ရှိကြပါတယ်။ ဝမ်းနည်း ဝမ်းသာ ဖြစ်နေတဲ့ ရင်ခေါင်းသံတွေ ပါနေကြပါတယ်။ မျက်ရည် တွေလည်း စို့နေကြလေရဲ့။ ဒါဟာ သူတို့ဘဝတွေကို အသံတိတ် ဖော်ပြနေတာပါပဲ။ အိမ်လွမ်း ဝေဒနာ ဆိုပါစို့။ ကျွန်တော် စဉ်းစား ကြည့်တယ်။ သူတို့ အိမ်ပြန်ခွင့် မရကြရှာဘူးလေ။ ဘဝကို ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လက်လုပ်လက်စား အဖြစ်နဲ့ တစ်ဖက်နိုင်ငံမှာ အဆုံးသတ်တော့မှာလား။

သတိထားမိတာ တစ်ခုက သူတို့ဟာ ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက် ကြတဲ့အခါ သူတို့လက်ဖဝါးလေးတွေ ကြမ်းထော် နေတာပါပဲ။

ဒီလိုနဲ့ ကုန်တိုက် အငယ်စားလေး တစ်ခုထဲ ရောက်သွားပါတယ်။ ဇနီးသည်က အိမ်မှာကျန်ခဲ့တဲ့ သားသမီးတွေအတွက် အင်္ကျီ၊ ဘောင်းဘီလေးတွေ ဝယ်ချင်လို့ပါ။ ကောင်တာ တစ်ခု ရောက်တော့ ကလေးဝတ်အင်္ကျီလေးတွေ ရွေးဝယ်ဖြစ်ပါတယ်။ သားသမီး လေးယောက်အတွက် ရှစ်ထည် ဝယ်တာပါ။ အဲဒီအချိန်မှာ ကောင်တာက မိန်းမငယ် တစ်ယောက်က ကျွန်တော်တို့ လင်မယားကို တငေးငေးနဲ့လိုက်ကြည့်နေပါတယ်။ ကျွန်တော်ကတော့ ယိုးဒယားမပဲ ထင်တာပေါ့။ ဈေးနှုန်းတွေက စာကပ်ထားလို့ သူနဲ့ စကားဆိုစရာလည်း မရှိဘူးလေ။

အဲဒါ ရှစ်ထည်ရွေးအပြီး ငွေချေမယ်လုပ်တော့မှ အင်္ကျီက ၁၀ ထည် ဖြစ်နေပါတယ်။ ဒါနဲ့ ကောင်တာကိုပြန်သွားပြီး နှစ်ထည်ပိုနေတဲ့အကြောင်း အင်္ဂလိပ်လိုပြောတော့ စောစောက မိန်းမငယ်က မျက်ရိပ်ပြပြီး တားပါတယ်။ ပြီးတော့မှ တိုးတိုးကလေး ပြောပါတယ်။

"ဦးသုမောင်ကို ချစ်လို့ နှစ်ထည် ကျွန်မ ပိုထည့် ပေးလိုက်တာပါ။ ကဲ မြန်မြန် သွားပါတော့ သူဌေး သိရင် ကျွန်မ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်လိမ့်မယ်"တဲ့။ အထုပ် ပြန်ယူရင်း သူ့လက်ကလေးကို ကိုင်လိုက်တော့ ကြမ်းထော်နေတာပါပဲ။ ရီဝေ စွတ်စိုနေတဲ့ မျက်လုံးလေးတွေက ပြုံးပြီး ငေးကြည့်နေပေမယ့်... အရောင် မလက်ဘူး။ မျက်ရစ်တွေက ခြောက်ပြီး တွဲလို့...။

❖



www.burmeseclassic.com

www.burmeseclassic.com

# အသည်းစွဲတဲ့ ဟောင်ကောင်သူရယ်

ပြီးခဲ့တဲ့အပတ်က ပြောခဲ့သလိုပေါ့လေ။ မထင်မှတ်ဘဲ ပြည်ပခရီးတိုလေး ရောက်ဖူးသွားပါတယ်။ ဘာတာဝန်မှ မရှိဘဲနဲ့ပေါ့။ ဒါပေမယ့် လူဆိုတာ တစ်ခုခုဖြစ်ခဲ့ဖူးရင် သာယာသွားတတ်တယ်။ ဆော... ယိုးဒယား(ရနှောင်း)လောက်လည်း ရောက်ဖူးရော။ ထပ်ကြီးပွားချင်စိတ်က ပြုတစ်ပြုတစ်ဖြစ်လာ ပါရော။ ပြန်ခါနီးဆော့တောင် စကားဆွယ်လိုက်သေးတာ။ ကော့သောင်း လေယာဉ်ကွင်း လိုက်ပို့ကြတဲ့ တာဝန်ရှိသူတွေကို "စာပေဟောပြောပွဲ လုပ်ပါသား"လို့။

ဒီနေရာမှာ ကြားဖြတ်ပြောစရာလေး ရှိပါတယ်။ အထူးသဖြင့် စာရေးဆရာ တချို့ပါ။ စာရေးဆရာဆိုတာက ကိုယ့်စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာကို သူများ ခန္ဓာကိုယ်နဲ့ ပေါင်းပြီး ရေးတတ်ကြတာကလား။ သူတို့က ဘာပြောကြသတဲ့လဲ။

"ဘာသွားလုပ်မှာလဲ အပိုတွေ"တဲ့။

(အဲဒီခေတ်က အင်တာနက် မပေါ်သေးဘူးလေ)

"သွားကြပါစေ ဒီမှာက ရေးစရာ ရှားတာကိုး"တဲ့။

"ဟိုမှာ မိုးမျှော်တိုက်တွေ၊ မော်တော်ကားတွေ၊ ဖင်ပေါ် ခေါင်းပေါ်တွေပဲ တွေ့မှာပါ"တဲ့။

ဟောဗျ "အထင်မကြီးပါဘူး"တဲ့။

ရိုးရိုးသားသား အမြင်ရှင်းတဲ့ ပုဂ္ဂိုလ်တွေကို ဒီစာမှာ ထည့် မရေးတော့ပါဘူး။ တစ်ခုရှိတာက အဲသလို ငေါ့တတ်တဲ့ ပုဂ္ဂိုလ် တွေ၊ မတော်တဆ ပြည်ပ သွားရမယ်ဖြစ်ရင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကရော။

ပြောချင်တာကတော့ ပြည်ပခရီးကို စာရေးဆရာတွေ သွားတာ ကောင်းတယ် ဆိုတာပါပဲ။ ရုပ်ရှင်သမားတွေ၊ အဆိုတော် တွေ သွားပါပြီတဲ့။ ဟိုက ဘာ အတွေ့အကြုံတွေကို ဒီမှာ ဘယ်လို ပြန်ပြောမလဲ။ 'စာ'နဲ့ ပြောနိုင်တာက စာရေးဆရာပဲ ရှိတယ်။

ကိုင်း... ဆိုကြပါစို့ရဲ့။ ကျွန်တော်လည်း ပြည်ပရောဂါ နည်းနည်း တက်လာခဲ့ပါတယ်။ ခတ်ကာက ကျွန်တော်ဟာ ခရီးသွား ဆောင်းပါး မရေးတတ်ချင်ဘူး။ ခရီးသွားဆောင်းပါး ဆိုတာက 'သုတ'တွေ စုံလင်ရမယ် မှတ်တယ်။ ထင်ခဲ့တယ်။ ပြီးတော့မှ စာဖတ်သူ ဖတ်ချင်လာအောင် 'ရသ'နဲ့ ခွမ်းရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ဖတ်လို့ကောင်းတယ်။ ကျွန်တော့် အားနည်းချက်က ခရီးသွားရင် ကင်မရာ ဝေးလို့ ဗလာစာအုပ်နဲ့ ဘောလ်ပင်တောင် ယူမသွားတတ်ဘူး။ ဘာကိုမှ မှတ်ချင်တဲ့ စိတ်လည်း မရှိဘူး။ စိတ်လွတ်ကိုယ်လွတ် ဖြစ်ချင်တာပြောပါတယ်။ ပြည်ပ သွားချင်တာလည်း အဲဒီ သဘောနဲ့ပါပဲ။ တစ်ခုတော့ ရှိတယ်။ ရေခြားမြေခြား၊ လူမျိုးခြားတွေနဲ့ တွေ့ရဆုံရတာလေးတွေ သာယာတယ်။ ကမောက်ကမဖြစ်ရတာလေးတွေ ဦးနှောက်နဲ့ မှတ်တယ်။ အထူးသဖြင့် ပျော်စရာကောင်းတာလေးတွေပေါ့။ ကျွန်တော်က စာဖတ်သူတွေကို စိတ်မချမ်းသာစရာတွေ သိပ်မပြောချင်တတ်ဘူး။ ဒါဖြင့် ရယ်စရာတွေရောတဲ့၊ ဟင့်အင်း ရယ်စရာလည်း အပြော ကောင်းတဲ့သူ မဟုတ်ပြန်ဘူး။ (ပြီးခဲ့တဲ့ ယိုးဒယားခရီး ဇာတ်သိမ်းပိုင်းမှာ ဒီဘက်ကမိန်းကလေးတွေ ဟိုဘက်ကမ်းမှာ ဖြစ်သလို အခြေချ နေကြရတာလေး ရေးမိလို့ စိတ်တောင်မကောင်းဘူး)။

ဒါကြောင့် ဒီတစ်ပတ်တော့ စိတ်ချမ်းသာစရာလေး ရေးမယ်စိတ်ကူးပါတယ်။ စကားပြန်ကောက်ပါ့မယ်။ အင်း... ဒီလိုပဲ ပြည်ပခရီး မျှော်ရင်းနဲ့ ကြာတော့လည်း မေ့သွားပါတယ်။ ဗေဒင်တိုင်းကတော့ အဟောသား၊ ပြည်ပ ခဏ ခဏ သွားရလိမ့်မယ်။ ဟိုနိုင်ငံသူနဲ့ အိမ်ထောင်ကျပြီး ဟိုမှာ အခြေချ၊ ခေါင်းချလိမ့်မယ်လို့ ဟောသူတောင်ရှိပါရဲ့။ ဒါပေမယ့် နှစ်တွေသာ ကြာသွားရော ပြည်ပခရီး ပေါ်မလာတော့ပါဘူး။ ကျွန်တော်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါရော ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ကျွန်တော့်ဆီ တယ်လီဖုန်း ဝင်လာပါတယ်။ ကျွန်တော်နဲ့ တွေ့တော့–

"ကိုသုမောင်ဆီက အကူအညီ တစ်ခု တောင်းချင်လို့ပါ" ဆိုတဲ့ ပဋိသန္ဓာရ စကားနဲ့ စပါတယ်။ ရုတ်တရက်တော့ တစ်မျိုးကြီးပေါ့။ ဟော အကူအညီ တောင်းချင်လို့ ဆိုတာကိုး။ ဒါနဲ့–

"အမိန့်ရှိပါ ကျွန်တော် ကူညီနိုင်တာကို ကူညီပါ့မယ်" ဆိုတော့

"ကျွန်တော်က (× × ×)ဌာနကပါ။ အဲဒါ ဟောင်ကောင်နဲ့ မကာအိုမှာ အခြေချနေထိုင်ကြတဲ့ မြန်မာဆရာဝန်များ အသင်းရဲ့ ငွေရတုမိတ်ဆုံစားပွဲရှိလို့ မြန်မာသံ သီချင်းတွေ လိုက်ဆိုပေးနိုင်မလား လုပ်ပါ"

နိပ်ဟ ပေါ့။ ကျွန်တော့်စိတ်ထဲ ဘုရားပွဲ လှည့်နေပါပြီ။ (မှတ်မိ ဖက်မိ ထားတာလေးရှိတယ်။ မင်းသားကြီး ဝင်းဦး ရေးတဲ့ ဆောင်းပါးပါ။ သူက ဩစတြေးလျ ရောက်ဖူးပါသတဲ့။ ဒါပေမယ့် သူသွားချင်တာက အရှေ့တိုင်းဆို ဟောင်ကောင်၊ အနောက်ဘက်ဆို နယူးယောက်တဲ့။) ဒီတော့ မင်းသားကြီး တမ်းတနေတဲ့ 'ဟောင်ကောင်'အပြင် 'မကာအို'ပါ အဆစ် ပါတာကြောင့် အူမြူးမိပါတယ်။

"ကျွန်တော်တို့က ညကြေးတော့ မပေးနိုင်ပါဘူး၊ အစားတော့ တာဝန် ယူပါတယ်၊ ဟိုမှာ သုံးဖို့ ဒေါ်လာ ၅၀ ပဲ ပေးနိုင်ပါတယ်၊ ကိုသုမောင် လက်ခံနိုင်ပါမလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက ကျွန်တော်ဟာ ပြည်ပခရီးစဉ်ကို တောင့်တနေတာမို့ အက်တင် မခံနိုင်ပါဘူး။ ဘာမှ မပေးလည်း လိုက်မှာပါ။ နော့ပေတဲ့ ဒီအထိတော့ ဖွင့်ပြောဖို့ မကောင်းဘူးလေ။

ဒီလို နှစ်လလောက် ကြိုတင် စီစဉ်ခဲ့ကြရာမှာ ပြဿနာလေးတွေ၊ မေးတာမြန်းတာလေးတွေ၊ အခက်အခဲလေးတွေ ရှိနေခဲ့ပါတယ်။ အဲဒီတုန်းက ပြည်ပခရီးစဉ်ဟာ ခုလို မလွယ်ဘူးလေ။ Passport မှာတွင် အတော်ကြာတာ။ ဒီကြားထဲ ဟိုမှာကလည်း ပွဲလုပ်ဖို့ တော်တော် စီစဉ်ကြရတာမို့ ရက်ချိန်းက ပြောင်းပြောင်း သွားပါတယ်။ ဒါပေမယ့် သမားရိုးကျ အဲဒီအဖြစ်အပျက်တွေဟာ ကျွန်တော့်လို ရောဂါတက်နေတဲ့သူအဖို့တော့ 'ဟ သွားမှသွားဖြစ်ပါ့မလား' ဆိုပြီး တဒိတ်ဒိတ်နဲ့ပေါ့။

ဒီကြားထဲမှာ ဟိုက ဆရာဝန်အသင်းနဲ့ ပတ်သက်တဲ့ ဒီကဆရာဝန် အချို့ အိမ်ရောက်လာပြီး မိတ်ဆက်ပါတယ်။ မိတ်ဆက်တယ် ဆိုပေမယ့် အခြေအနေကို လာပြီး လေ့လာတာပါ။ ဟုတ်ပါ့ 'သုမောင်' သောက်လုံးကြီးတာ သိနေကြတာကိုး။ ကံကောင်းချင်တော့ သူတို့ အိမ်ရောက်လာတဲ့ အချိန်မှာ သုမောင်ဟာ အကောင်းကြီး။ သူရို့က ဟိုမှာ လိုလေသေး မရှိပါဘူး။ အလည်အပတ်ဗဟုသုတလည်း လိုက်ပို့ပေးပါ့မယ်တဲ့။ ကျွန်တော်ကလည်း ဒါမျိုးကျတော့ ကိုယ့်ပွဲကျန်အောင် ပြောတတ်တယ်။

"ဒါဆို ဟောင်ကောင်က ရှောဘရားသားစ် (ထိုစဉ်က မြန်မာပြည်မှာ အဲဒီကုမ္ပဏီရဲ့ တရုတ်သိုင်းကားတွေ ခေတ်စားနေ)



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကမ္ဘာ့အကြီးဆုံး ကြေးသွန်း ဘုရားကြီး သွားချင်တယ်” ဆိုတော့ မျက်နှာတွေ ခပ်ပျက်ပျက် ဖြစ်သွားပါရော။ (နောင် ဟိုရောက်မှ သိရတာက ရှောဘရားသားစ် ရုပ်ရှင်စတူဒီယိုက တစ်လလောက် ကြိုပြီး တိုကင်ယူရသတဲ့။ ကြေးသွန်းဘုရားကြီးကတော့ တရုတ်ပြည်ကြီးနဲ့ နီးကပ်နေလို့ နိုင်ငံရေးအရ မဖြစ်နိုင်ဘူးတဲ့)

သွားမယ့်သွားရတော့ ၁၃ နိုဝင်ဘာ ၁၉၉၀။ မှတ်မိနေတာက ၁၃ ရက်က ကျွန်တော့် မွေးရက်လေ။

ခရီးစဉ် စပါပြီတဲ့။ သုမောင် ဆိုတာကလေ ဘယ်တော့မှ အစကောင်းခဲ့တဲ့ကောင် မဟုတ်ဘူး။ ဒါပေမယ့် အနှောင်းကျတော့ ကောင်းနေတတ်ပြန်ရော။

ကြည့်ပါ။ ပထမဆုံး ခရီးသွားရာမှာ လေဆိပ်ကို အိမ်က ဇနီးသည် တမင်လာ လိုက်မပို့တာဆိုလို့ ကျွန်တော်တစ်ယောက်တည်း ရှိပါလိမ့်မယ်။ ဟုတ်ပါ့။ တစ်ညလုံး သောက်လိုက်တာ မနက် လေးနာရီ လေဆိပ်ဆင်းဖို့ အိပ်ရာထတော့ ‘မောနင်းပက်’ တောင်းနေပြီလေ။ အေးဘုံရော မိသားစုပါ လိုက်မပို့ကြတော့ဘူး။ စိတ်ညစ်သွားကြတာ။ တစ်ခုတော့ သူတို့ ယုံကြည်နေတာက သုမောင်ဟာ မူးလဲနေစေဦး၊ စင်ပေါ်တွဲတင်ပေးလိုက်လို့ ပုဏ္ဏားကွယ် ကြားက ထွက်တာနဲ့ မတ်လို့၊ ဖြောင့်လို့၊ ဘယ်နှပုဒ် ဆိုရမလဲ မမှားစေရဘူး။ အဲ စင်နောက်ဖေး ပြန်ဝင်လို့ ပုဏ္ဏားကွယ်လည်း လွန်ရော အောက်ကနေ ဆီးဖမ်းပေရျော့။ ဒါကို အေးဘုံက သိထားတယ်။ စိတ်ချတယ်။ ခုဟာက ပြည်ပခရီးမှာ စစချင်းအရက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ စိတ်ညစ်သွားရောပေါ့။ လေဆိပ်ရောက်တော့ ဝေလီ ဝေလင်း ပေါ့။ 'မေဆွိ'နဲ့ သူ့မိခင် အကယ်ဒမီ ဒေါ်မြင့်မြင့်ခင်၊ ပြီးတော့ အစ်မ အဆိုတော်ကြီး တစ်ယောက် ရောက်နှင့်နေကြ ပါပြီ။ ထူးခြားတာက ကျွန်တော်တို့ကို VIP ဧည့်ခန်းမှာ နေရာ ပေးတာပါပဲ။

သူ့ဘာသာသူ ဘယ်လို ဂရုစိုက်တယ်ပြောပြော ကျွန်တော့် မှာတော့ မနက်စောစော နေမထွက်ခင် 'လေတက်'နေပါပြီ။ ဒါကြောင့် လက်ဖက်ရည်ဆိုင် သွားဦးမယ် ပြောတော့ ဒီမှာ ဖျော် ပေးမယ်တဲ့။ ကျွန်တော်ကတော့ ဆိုင်မှာပဲသောက်ချင်တယ်ဆိုပြီး လေဆိပ်ယာဉ်ရပ်နားစခန်းဘက် ထွက်ခဲ့ပါတယ်။ (တကယ်တော့ လိုက်ပါပို့ဆောင်ကြသူတွေက သိနေမှာ သေချာပါတယ်။ အရက် သွားသောက်တော့မှာကိုး)

ပလတ်စတစ်အိတ်နဲ့ အဆင်သင့်ထည့်ထားတဲ့ အရက်ဖြူ တစ်ပိုင်းကို အားရပါးရ စုပ်လိုက်ပြီး လေမအန်တော့မှ ဧည့်ခန်း ပြန်ရောက်ပါတယ်။ ဟော လေယာဉ် ထွက်တော့မယ်တဲ့။ ထူးခြားတာက အဲဒီအချိန်ထိ Passport လက်ထဲ မရောက်သေး ဘူး။ ပြောရရင် Passport ဆိုတာ မြင်တောင် မမြင်ဖူးဘူး။

ကိုင်း.... နောက်အပတ် 'ဟောင်ကောင်' ရောက်ပါပြီတဲ့။ သူမောင် ဘာတွေဖြစ်မလဲ။ သေချာတာကတော့ လေယာဉ်ခရီးစဉ် မှာ မူးပြီး အိပ်ပျော်နေလို့ ဘာမျှ ရေးစရာမရှိဘူး။ စိတ်ထဲမကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာက လေယာဉ်ပေါ်မှာ ဝီစကီ အကောင်းစားနဲ့ ဧည့်ခံတာကို မသောက်လိုက်ရတာပါပဲဗျာ။

ရှေ့အပတ် ဟောင်ကောင်လေဆိပ်မှာ လာကြိုတဲ့ ဟောင်ကောင်သူလေး အကြောင်းနဲ့ စပါ့မယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အမှုံးမပြေ ဟောင်ကောင်မြေ

ပြီးခဲ့တဲ့အပတ်က 'ဟောင်ကောင်'၊ 'မကာအို'ခရီး စခဲ့တာမှာ လူပြက်တွေ ဇာတ်ထဲမှာ ပြောသလို တက္ကသိုလ် ကျောင်းတော်ကြီးကနေ ခြေကျင်ခရီး ပြန်ခဲ့တာ 'ဟော ပြောရင်းဆိုရင်း' နေပြည်တော်ပြန်ရောက်ပါပေါ့လား'ဆိုတာလို ရန်ကုန် မင်္ဂလာဒုံ လေဆိပ်ကနေ လေယာဉ်ထွက်တာနဲ့ ဇက်ကျိုးကျသွား လိုက်တာ 'ဦးသုမောင်' ဟောင်ကောင်လေဆိပ် ဆင်းတော့မယ်၊ ခါးပတ် ပတ်ထားပါ ဆိုပြီး လေယာဉ်မယ်ကလေး လာနှိုးမှ နိုးပါတော့တယ်။ အရက်ဖြူတစ်ပိုင်းဆိုတော့ မြင်းဖြူစီးပြီး ဟောင်ကောင်ခရီး နှင်ခဲ့တယ်ဆိုပါတော့လေ။ ကြံဖန်ပြီး လျှောက်လဲရရင် မိုးကောင်းကင်ထဲ ပေပေါင်းထောင်ချီပြီး ပျံသန်းနေတာ။ ဘာဖြစ်ရမှာတုန်းဗျ။

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ဒီလောက်ရှည်ကြာတဲ့ လေယာဉ်ခရီး မစီးဖူးတော့ ကြောက်ကြောက်နဲ့ အိပ်ပြီး လိုက်သွားတယ် ဆိုရမှာပါပဲ။ အစ ကတည်းက ယဉ်သကိုလို့ ပြောရမှာပါပဲ။ မနက် စောစောကသာ မောနင်းပက်ကို အောင့်အည်းထားလိုက်ရင် လေယာဉ်ပေါ်မှာ 'ဝီစကီ'အကောင်းစား သောက်ရဦးမှာ။

ထူးထူးဆန်းဆန်းဆိုလို့ ဟောင်ကောင်လေဆိပ် ဆင်းတဲ့ အခါ လေယာဉ်ပျံတွေ တန်းစီဆိုက်ကပ်ထားလိုက်တာ 'ပုဇွန်' ရင်ကွဲလေးတွေ ဝါးတန်းပေါ်မှာ နားနေသလိုပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ လေယာဉ်လည်း မြေပြင်ဆင်းရော လင်းတတွေကြား စာသူငယ် နားသလိုပါပဲ။ ကြီးမားလိုက်တဲ့ လေယာဉ်ကြီးတွေ ဆိုတာ။ ကြီးလှပြီထင်တဲ့ ကျွန်တော်တို့လေယာဉ်က တကယ့် စာသူငယ်ပါပဲဗျာ။

ကိုင်း... ရောက်ပါပြီ။ သိတဲ့အတိုင်း ကျွန်တော်က အမူး ပြေခါစပဲပါ။ ဒီတော့ အရက် ထပ်တောင်းနေပါပြီ။ ဟောင်ကောင် လေဆိပ်က အတော်ကြီးပါတယ်။ အဲဒီအချိန် ၁၉၉၅ ဆိုတော့ ကျွန်တော်တို့ မင်္ဂလာဒုံလေဆိပ်ကလည်း အသစ် မချဲ့ရသေးလို့ တော်တော် ခမ်းနားတယ် ထင်ရပါရဲ့။

ထူးဆန်းတာက လာကြိုကြတဲ့ ပရိသတ်ပါ။ ဆရာဝန်ကြီး တွေ၊ ဆရာဝန်ကတော်ကြီးတွေ အများစုပါ။ 'ဟောင်ကောင်'၊ 'မကာအို' ပူးတွဲ ကောင်စစ်ဝန်ရုံးက တာဝန်ရှိသူတွေလည်း လာကြို



www.burmeseclassic.com

www.burmeseclassic.com



နေကြပါတယ်။ ထုံးစံအတိုင်း ပန်းကုံးတွေ စွပ်ကြ၊ ဓာတ်ပုံ ရိုက်ကြပေါ့။ တွဲတွဲပြီး ဓာတ်ပုံရိုက်ကြရာမှာပဲ ကျွန်တော် ဟိုတစ်ပတ်က ပြောခဲ့တဲ့ 'ဟောင်ကောင်' သူနဲ့ ကြုံရပါတော့တယ်။ သူက ကျွန်တော့် ခါး ဖက်ပြီး ဓာတ်ပုံရိုက်တော့ ကျွန်တော်ကလည်း သူ့ပါးပြင်ကို ခပ်ဖွဖွနမ်းပြီး အရိုက်ခံပါတယ်။ လေဆိပ် ဧည့်ကြိုခန်းမထဲ လက်ခုပ်သံတွေ ဆူညံသွားပါရော။ ဒီအခါမှာ 'ဟောင်ကောင်' သူကြီးကလည်း ကျွန်တော့် ပြန်နမ်းပြီး အရိုက်ခံပါလေရော။ (လက်ခုပ်သံများ)

'စကားထဲက ဓာတ်ပြ' ဆိုတာလို 'ဟောင်ကောင်သူကြီး' သုံးရပါဆိုကတည်းက မြို့ကြီးသူလို့ ပြောတာများလား မထင်ကြပါနဲ့။ ဟောင်ကောင်ရောက် မြန်မာတရုတ် အဘွားကြီးပါဗျာ။ အသက်ကို အဲဒီအချိန်က ၆၀ ကျော် ၇၀ အဘွားအိုကြီးပါဗျ။ ဝတ်စားထားတာရော လိမ်းခြယ်ထားတာပါ အပျံစားပါပဲ။ အသက်တော့ သူက ကျွန်တော့်ကို သားလို၊ တူလို၊ ကျွန်တော်က သူ့ကို အမေလို၊ အဒေါ်လို ချစ်မိခဲ့ကြတာပါ။ ကျွန်တော်တို့ အုပ်စုဟာ မီနီဘတ်စ် တစ်စီးနဲ့ မြို့ထဲကို အရင်သွားကြပါတယ်။ မြို့ထဲက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကိုပါ။ မြန်မာ လက်ဖက်ရည်ဆိုင်ပါ။ ခု ရန်ကုန်က မှန်လုံ လက်ဖက်ရည်ဆိုင်မျိုးလိုပေါ့။

"ကော်ဖီလား၊ လက်ဖက်ရည်လား ကိုသု"

"ရရင်တော့ ဘီယာ တစ်ပုလင်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါ၊ ဘယ်လောက် ပါးစပ်ရဲတဲ့ 'သုမောင်'ပါလဲ။ ရောက်ရောက်ချင်း 'သောက်'နဲ့ ထွင်းပါပဲ။ ဟုတ်ပါ့။ ရန်ကုန်က သောက်လာခဲ့တဲ့ အရက်က အငွေ့ပျံသွားပါပြီ။

ဘယ်က သွားမှာလာတယ်တော့ မသိပါဘူး။ 'ဘီယာ' တစ်ပုလင်း ရောက်လာပါရော။

"ကိုယ် 'ရစ်ချက်'ပါ၊ ခင်ဗျားအစ်ကို မောင်ဝဏ္ဏနဲ့ စိန်ပေါလ်မှာ ကျောင်းနေဖက်ပေါ့၊ ဒီမှာ ဆရာဝန် လုပ်တယ်"

"ဝမ်းသာတယ် အစ်ကိုရာ"

"အေး ဒီမှာနေတုန်း တစ်နေ့ ဝီစကီ တစ်ပုလင်းဆိုရင် လုံလောက်ပလား"

"နိပ်တယ်ဗျို့"

ကြည့်စမ်း 'ကံ'တရားများ မကောင်းဘက်ဆို သိပ်ကောင်း တတ်တယ်။ အရက်ဆိုတာနဲ့ တိုက်မယ့်သူ အဆင်သင့်။

တည်းရမယ့် အိမ်ရောက်တော့ ကျွန်တော်က ၁၄ ထပ်မှာ တစ်ယောက်တည်း တစ်ခန်း၊ ဟိုအမျိုးသမီး အုပ်စုက (၇)ထပ်မှာ စုပေါင်း။ အဲသလို တည်းကြရပါတယ်။ မကြာပါဘူး။ အစ်ကို မောင်ဝဏ္ဏရဲ့ သူငယ်ချင်း ရောက်လာပြီး ကတိအတိုင်း ဝီစကီ (တရုတ်) တစ်ပုလင်း လာပို့ပါတယ်။ ရောက်မဆိုက် ကျွန်တော်က လည်း ဖွင့်ပါတယ်။ ပြီးတော့ မောမောနဲ့ ကျွန်တော် အိပ်ပျော်သွား ပါရော။



www.burmeseclassic.com

www.burmeseclassic.com



အလို အိပ်ရာက နိုးလို့ မျက်လုံး ဖွင့်ကြည့်လိုက်တော့ ကျွန်တော့်နားမှာ လူတွေအုံလို့။ ကြည့်ရတာ ဆရာဝန်၊ ဆရာမတွေ ဖြစ်ပုံရပါတယ်။ ဒီတော့မှ သတိထားလိုက်မိတာက ကျွန်တော့် လက်ကောက်ဝတ်မှာ အပ်တန်းလန်းနဲ့။ ခေါင်းရင်းမှာ အကြော ဆေး ပုလင်းကြီး ချိတ်လို့ပါလား ဟရို့။

'ဘယ့်နှယ် ဖြစ်တာလဲဗျာ' ဆိုတော့ 'ခရီးပန်းလာတယ် မဟုတ်လား၊ အားရှိသွားအောင်လို့ပါ' တဲ့။ ဘာတတ်နိုင်ဦးမှာလဲဟဲ့ ပေါ့။ ကျွန်တော် ပြန်အိပ်ပျော်သွားပါတယ်။ နိုးလာတော့ ပိုက် ဖြုတ်ပြီးပါပြီ။ ကျွန်တော့်နားမှာ အနောက်တိုင်း ဝတ်စုံနဲ့ ပုဂ္ဂိုလ် တစ်ယောက် ထိုင်နေပါတယ်။ ကျွန်တော် နိုးလာလာချင်း...

"ဘာလိုအပ်သလဲတဲ့"။ (ကျွန်တော့်ခုတင်ဘေး စားပွဲပေါ် မှာ ဝီစကီ ပုလင်း မရှိတော့ဘူး) ကျွန်တော်လည်း စိတ်တိုတိုနဲ့ ကြည့်လိုက်တော့ ဟောင်ကောင်ရဲ့ ညနေစောင်း နေရောင်က ခုတင်ပေါ် ဖြာကျနေလေရဲ့။ ကျွန်တော့် ခြေထောက် တစ်ဖက်ပေါ် နေရောင်က ကျနေပါတယ်။

"ကျုပ် ခြေထောက် နေပူနေတယ်"လည်း ဆိုရော အဲဒီ ပုဂ္ဂိုလ်က ခုတင်ပေါ် ဒူးထောက်တက်ပြီး လိုက်ကာလေး သွားရွှေ့ ရှာပါတယ်။ ဒီနေရာမှာ အရက်သမားရဲ့ မကောင်းတဲ့ 'သောက် ကျင့်' ကလေး ပြောချင်တာပါ။ ကျွန်တော်ဟာ အရက်ဆာနေလို့ စိတ်တို နေပေမယ့် ကာလံဒေသံ အဂ္ဂမန်ကိုတော့ သိသင့်ပါတယ်။ အနောက်တိုင်း ဝတ်စုံအပြည့်နဲ့ ရုပ်ရည် သန့်ပြန့်တဲ့ လူ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို မဆင်မခြင် နိုင်းရက်တာပါပဲ။ တကယ်တော့ နောက်မှ သိရတာက အဲဒီ ပုဂ္ဂိုလ်ဟာ မြန်မာနိုင်ငံဆိုင်ရာ 'ဟောင်ကောင်' 'မကာအို' ပူးတွဲကောင်စစ်ဝန် လူကြီးတစ်ယောက် ဖြစ်နေပါလား ဟာရို့။

နောက်ပိုင်း သူနဲ့ ညီအစ်ကိုလို ခင်မင်သွားတော့ အဲဒီ အကြောင်း ပြန်ပြောရာမှာ သူက လူကြီးပီပီ ခွင့်လွှတ်ပေမယ့် ကျွန်တော့်မှာ အနေရ ခက်လိုက်တာလေ။

❖



www.burmeseclassic.com

www.burmeseclassic.com

## "မကာအို" ဆိုပဲ

ဟောင်ကောင်ရောက်ပြီး နောက်တစ်နေ့မှာပဲ နံနက်စောစော ကျွန်တော့်ကို လာနှိုးပါတယ်။ လာနှိုးသူက အတူပါ အဆိုကျော် မကြီးပါ။

"ဟဲ့ 'သောက်မောင်' ထတော့ 'မကာအို'သွားကြမယ်"တဲ့။ သူက ဒီလိုပဲ မောင်နှမ အရွယ်ဖြစ်ပေမယ့် သူ့စိတ်လိုနေရင် 'သား' တဲ့၊ စိတ်ထဲ ချဉ်တင်တင် ဖြစ်နေရင် 'သု' အစား 'သောက်' ဆိုပြီး သုံးတယ်။ ညစ်ညမ်းတဲ့ စကားတော့ မဟုတ်ပါဘူး။ သောက်လုံးကြီးလို့ပါ။

ခုတော့ ပြည်ပမှာ ရောက်ရောက်ချင်း 'သောက်'နဲ့ထွင်း ဆိုသလို ကျွန်တော် အချိန်ပြည့် မူးနေတော့ စိတ်ချဉ်ပေါက်သွားတယ် ထင်ပါရဲ့။

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com



'မကာအို'သွားမယ်ဆိုတော့ အံ့သြမိတယ်။ ဘယ့်နှယ် ဟောင်ကောင်မှာ မဖျော်ဖြေရခင် 'မကာအို' သွားမှာလဲပေါ့။ ဒီတော့မှ 'မမကြီး'က ရှင်းပြပါတယ်။ 'မကာအို'မှာ အရင် ဆိုကြမယ်၊ အပြန်မှ 'ဟောင်ကောင်' ဆိုမယ်တဲ့။ အဲဒီ အကြောင်း မနေ့ညက ဆွေးနွေးကြတော့ ကျွန်တော် မူးပြီးအိပ်နေလို့ ဘာမှ မသိလိုက်တာပါ။

အိပ်ရာကထပြီး ကိုယ်လက်သန့်စင် (မောနင်း နည်းနည်း ပက်) ပြီးမှ အဝတ်လဲမယ် လုပ်တော့ ဟဲ့ ငါ့မြန်မာဝတ်စုံ ဘယ် ရောက်နေပါလိမ့် ဖြစ်ပါရော။ ဟုတ်ပါတယ်။ ပြည်ပခရီးဆိုတော့ ဘိုဝတ်စုံသာ များများယူခဲ့ပြီး စင်ပေါ်တက်လို့ မြန်မာအမျိုးသား ဝတ်စုံ နှစ်စုံတည်း ကျွတ်ကျွတ်အိတ်နဲ့ ထိုးသိပ် ထည့်လာတာပါ။ ခု ဘယ်မှာ ထားမိမှန်း သတိမရတော့ဘူး။

"ရော့ ရော့ ငါ သိမ်းထားပါတယ်နော်"ဆိုမှ ကျွန်တော့် မြန်မာဝတ်စုံ အထုပ်ကို မမကြီး တစ်လမ်းလုံး ထိန်းသိမ်း စောင့် ရှောက်လာမှန်း သိရတော့တယ်။ မြန်မာဝတ်စုံ ထုတ်ပြီး သယ် သွားဖို့ လုပ်တော့မှ ဟဲ့ သောက်ပလုတ်တုတ် ကတ္တီပါဖိနပ် ဘယ်ရောက်နေပြန်သတုံး။ မြန်မာဝတ်စုံနဲ့ ဘွတ်ဖိနပ်နဲ့က ဘယ် ဖြစ် မလဲ ပေါ့။

"ဟဲ့ သောက်မောင် သောက်မောင် နင်ဟာ တော်တော် မကောင်းတဲ့ ကောင်။ နင့်ဖိနပ် 'မဘေ'သိမ်းထားတယ်"(ဆိုမောင် ကောင်းသော လူကလေးကို ပြောင်းပြန်ပြောတာပါ။) မဘေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက အကယ်ဒမီ မင်းသမီးကြီး ဒေါ်မြင့်မြင့်ခင်ကို ပြောတာ ပါ။ မေဆွိရဲ့ အမေပေါ့။ ဒီတော့မှ ခေါင်းကြီး သွားရပါတယ်။ ကြည့်စမ်း ကိုယ့်အမေအရွယ် မင်းသမီးကြီးက ကျွန်တော့် ဖိနပ် သိမ်းထားရတယ်လို့။ ပြီးတော့ ဖိနပ်က အသစ်လည်း မဟုတ်ဘူး။ စတ်သားကျနေတဲ့ ဖိနပ်။ ငရဲတော့ ကြီးပါပြီလို့။

ခက်တာက အဲသလို မတွေးမိတာ။ ဝတ်စုံရော ဖိနပ်ပါ မကာအို ရောက်ပြီး စင်ပေါ်တက်ခါနီးထိ အဲဒီ မမကြီး၊ မေမေကြီး တို့ကပဲ ကိုင်ထားကြရတာပါ။ ကျွန်တော်က ပြန်တောင်းပါသေး တယ်။ ဒါပေမယ့် ကျွန်တော့်ဆီမှာဆို ပျောက်မှာ ရှုမှာ သေချာ တယ်ဆိုပြီး သိမ်းထားပေးကြတာပါ။ ဩော်... သူရို့ကတော့ ဒီသားဆိုး တစ်ယောက်အတွက် အရာရာ ဂရုတစိုက်နဲ့ပေါ့။

ဟောင်ကောင်ကနေ မကာအိုကူးဖို့ သက်ဆိုင်ရာက လာပြီး မေးပါတယ်။ 'ရှပ်ပြေး မော်တော်ဘုတ်'နဲ့ သွားမလား၊ 'ဟယ်လီ ကော့ပတာ'နဲ့ သွားမလားတဲ့။ ဒီနေရာမှာတော့ ကျွန်တော်တို့ အားလုံးက တစ်သံတည်းပဲ 'ရှပ်ပြေးယာဉ်'ပေါ့။ ဟုတ်ပ့ါ ရှပ်ပြေး ယာဉ် (ရေပေါ် မထိတထိ ရှပ်ပြီးပြေးတဲ့ သင်္ဘော)မှ မစီးဘူးကြ တာ။ 'ဟယ်လီကော့ပတာ'လည်း မစီးဘူးပေမယ့် မတော်တဆ ပျက်ကျရင်သေမှာ။

'ရှပ်ပြေးယာဉ်'ဂိတ်မှာ ကျွန်တော်နဲ့ ဟောင်ကောင်ပုလိပ် ပြဿနာ တက်ပါရော။ အဖြစ်က အဲဒီ ငနဲဟာ စစ်ဆေးရေးဂိတ်မှာ 'ပတ်စ်ပို့'တွေ စစ်တော့ ကျွန်တော့်ရှေ့က တန်းစီနေတဲ့ 'မေဆွိ'



www.burmeseclassic.com

www.burmeseclassic.com



ကလေးရဲ့ ပတ်စ်ပို့ကို ဆတ်ခနဲ ဆွဲယူ တံဆိပ်တုံး ထုပြီး ဖတ်ခနဲ ပြန်ပစ်ပေးပါတယ်။ နိုင်ငံခြားသားတွေအပေါ်မှာ ဒီလို ရိုင်းရိုင်း စိုင်းစိုင်း မဆက်ဆံသင့်ဘူး။ ကျွန်တော်ကလည်း ခပ်ထွေထွေ ဖြစ်နေတာမို့ ကျွန်တော့် အလှည့် ရောက်တော့ ပတ်စ်ပို့ကို သူ ဆွဲမယူခင်မှာဘဲ သူ့ရင်ဘတ်ဆီ လှမ်းဆီး ပစ်ပေါက်လိုက်ပါရော။ ငနဲသား မျက်နှာကိုရဲသွားတာပဲ။ ကျွန်တော့်ကိုလည်း တစ်စုံတစ်ရာ အရေးယူတော့မယ့်ပုံ ဖြစ်သွားပါတယ်။ အဲဒီမှာ အတူလိုက်ပါမယ့် ကောင်စစ်ဝန်ရုံးက (ကိုခင်မင်း)က ကြားဝင်ပြီး ဖျန်ဖြေလို့ ကိစ္စ ပြီးသွားပါရဲ့။

"ကိုသု ဒီကောင်တွေက ပညာမတတ်ဘူး ရိုင်းတယ်။ ဖက်ဖြစ် မနေပါနဲ့" ပြောလို့ စိတ်လျှော့လိုက်ရပါတယ်။ သိတယ် မဟုတ်လား 'သုမောင်'က မူးရင် သွေးဆိုးတယ်လေ။

ရုပ်ပြေးယာဉ်ပေါ် ရောက်တော့ စိတ်ညစ်လိုက်ရတာ။ စမထွက်ခင် ဆယ့်ငါးမိနစ်လောက် ကမ်းမှာ ရပ်ထားတာ။ လှိုင်း ငြိမ့်ငြိမ့်တွေကြောင့် သင်္ဘောကလည်း ပုခက်လွှဲသလို တလူးလူးနဲ့မို့ 'တစ်မူးပေါ် နှစ်မူးဆင့်' ဖြစ်ရပါတယ်။ တချို့ နိုင်ငံခြားသားတွေဆို အန်တောင်အန်တယ်။ အဲ စပြီး ထွက်သွားပြီ ဆိုတော့လည်း ကိုယ့်အိမ်ထဲ ကိုယ်နေရသလို ဘာမှ လှုပ်လှုပ်ရှားရှား မရှိတော့ဘူး။ ငြိမ်လို့။ ပြေးလိုက်တာလည်း လွန်ပါရော။ တရိပ်ရိပ်နဲ့။ ကြားဖြတ် ပြောရဦးမယ်။ သင်္ဘောပေါ်မှာ ကောင်မလေးတွေက 'ခါချိစ်' ကံစမ်းမဲ လိုက်ရောင်းတာ မူးမူးနဲ့ စွတ်ထိုးတော့ ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပါလေရော။ အဆိုကျော် မမကြီးက 'နှင့်ကို ဦးမင်းကျော် နတ်က စောင့်တယ်' ဆိုပြီး ခနဲ့ပါတယ်။ ဒါနဲ့ ကျွန်တော်က အဲဒီ ဆုမဲ မမကြီးကို လက်ဆောင် ပေးလိုက်ပါတယ်။

'မကာအို' ရောက်တော့လည်း ဟိုက မြန်မာတွေက ဂရု စိုက်ကြပါရဲ့။ အရက်က လွဲရင်ပေါ့။ တည်းခိုရမယ့် တိုက်ကတော့ ဟောင်ကောင်မှာနဲ့ ကွာခြား လှပါတယ်။ ဆိုခဲ့သလို ဟောင်ကောင် မှာတုန်းက 'ထောင်ဆရာဝန်' အိမ်မှာ တည်းရတာ။ ဟော 'မကာအို' ရောက်တော့ အဲဒီအချိန်က မကာအို ဘုရာခံချုပ် (ပေါ်တူဂီ)ရဲ့ ခြံဝင်းထဲက တိုက်တစ်လုံးမှာ တည်းရတာ။ စည်း ကမ်း တင်းကျပ်တာချင်း တူပေမယ့် အဆင့်အတန်းချင်း ကွာတယ် ဆိုရမှာပါပဲ။

ပြဿနာက... ဟုတ်ပါ့ အရက်ကိစ္စပါပဲ။ တစ်နေ့ကုန် တိုက်ထဲ နေရတာဆိုတော့ အရက် ဆာလာတယ်။ အပြင် ထွက်ဖို့ ကလည်း ခြံတခါးကို အိမ်ထဲကနေ ခလုတ်နဲ့ ဖွင့်ရတာမို့ မလွယ်ဘူး။ ဒီတော့ သူတို့ အိမ်သားတွေ အပြင် ထွက်တဲ့အခါ သုံးတဲ့ လျှို့ဝှက်ခလုတ်ကို ရှာရတယ်။ သိပ်တော့ မပင်ပန်းပါဘူး။ နည်းနည်း အူတူတူနိုင်ပုံရတဲ့ အိမ်ဖော်တစ်ယောက်ကို အစ်အောက် လိုက်တာ လျှို့ဝှက်ခလုတ် တွေ့ပါပြီ။ လူလည်း လစ်ရော ခလုတ် နှိပ်ပြီး လမ်းမ ထွက်တော့တာပါပဲ။ ဟောင်ကောင်တုန်းကလို ကုန်စုံဆိုင် ရှာမလို့ပါ။

နောပေတဲ့ ဆိတ်ငြိမ်ရပ်ကွက်မို့ ဘာဆိုင်မှ မတွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်လည်း ကျော်ရော ဟော ပင်လယ်ပြင်ကြီး ဘွားခနဲ ပေါ်လာတော့တာပဲ။ ကျွန်တော်လည်း ပင်လယ်ကမ်းခြေအတိုင်း လမ်းလျှောက်လာခဲ့ရာမှာ ကျွန်တော့်နံဘေး ကားနက်ကြီးတစ်စီး ကျိခနဲ ထိုးရပ်ပါတယ်။

"ဘယ်လျှောက်သွား နေတာလဲ ကိုသုရယ်" (ကိုခင်မင်းပါ)

"လမ်းလျှောက်တာပါ'

"လုပ်မနေပါနဲ့ကွာ ဆိုင်ရှာတာ မဟုတ်လား။ လာ ကား ပေါ်တက် ကျွန်တော် လိုက်ပို့မယ်"

ကားပေါ် ရောက်တဲ့အထိ 'ကိုခင်မင်း'မျက်နှာက စိုးရိမ်မကင်း ဖြစ်နေ တုန်းပါပဲ။

"မကာအိုမှာ အရမ်း လျှောက်မသွားပါနဲ့ ကိုသုရယ်။ ဒီဟာက လောင်းကစားမြို့ဗျ။ နည်းနည်း ကြမ်းတယ်။ ခု ကိုသု ဝတ်ထားတဲ့ လက်စွပ်ကလေး လိုချင်ရုံနဲ့ သေနတ်နဲ့ အသေပစ်ပြီး ယူသွားမှာ။ ထိုးကြိတ်ပြီး လုနေမှာ မဟုတ်ဘူး"

ဒီတော့မှ အရက်နဲ့ အသက် လဲရမယ့်ကိစ္စ ပါလားလို့ ကြောက်အား ပိုရပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# မကာအိုပွဲ

မကာအိုပွဲဟာ ကျွန်တော်ဘဝမှာ ပထမဆုံး ပြည်ပ စင်တင်ပွဲပါပဲ။ ဒါပေမယ့် (သောက်လုံးကြီးနေလို့လားတော့မသိဘူး) ပရိသတ် ကြောက်စိတ်၊ စတိတ်ချိုခံ ကြောက်စိတ်ဆိုတာ လုံးဝ မရှိခဲ့ပါဘူး။ သမားရိုးကျ ရန်ကုန် ညှော်ခံပွဲတွေလိုပဲ ရဲရဲတင်းတင်း ရှိခဲ့ပါရဲ့။ ပွဲကလည်း 'မကာအို' ဟောင်ကောင်ရောက် ဆရာဝန်များ (၂၅)နှစ် မြောက် ငွေရတုပွဲ အထိမ်းအမှတ် ဟုတ်လား။ တရုတ်တွေ ဆိုပေမယ့် မြန်မာပြည်ဖွားတွေ။ ဆွေမျိုးပေါက်ဖော်တွေဆိုတော့ မြန်မာပြည်က တရုတ်မင်္ဂလာဆောင်တွေမှာ သီချင်း ဆိုဖူးတဲ့ ကျွန်တော့်အဖို့ မထူးဆန်းပါဘူး။

ပွဲက ခန်းမကြီးတစ်ခုမှာ လုပ်တာပါ။ ဝင်ကြေး ယူမယူတော့



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး။ ပရိသတ်ကတော့ ခန်းလုံးပြည့်လုပါပဲ။ အထူးသဖြင့် ပရိသတ်က ကျွန်တော့် ပရိသတ် အများစုဆိုတာ ပွဲမစခင် ကတည်းက သိရပါတယ်။ စတိတ်ချ်ခုံ နောက်ဖေး နားနေခန်းမှာ ရော ကျွန်တော့်ဆီ လာလာမိတ်ဆက်၊ နှုတ်ဆက်ကြတာ မနည်းပါ ဘူး။ အရက်နဲ့ နှုတ်ဆက်သူတွေတော့ မရှိပါဘူး။ ဒါကလည်း 'သုမောင်'ရဲ့ 'ဇ'ကလေး သိထားလို့ မူးရူးနေမှာ ကြောက်ကြတယ် ထင်ပါရဲ့။ ကျွန်တော်ဟာ ဘယ်လောက်မူးမူး သရုပ်မပျက်ဘူး ဆိုတာ သိကြပေမယ့် သတိထားနေကြပုံတော့ ရပါရဲ့။

ထူးခြားတာက စတိတ်ချ်ခုံ မသွားခင် နားနေကြတုန်း ရန်ကုန်မှာ ရုပ်ရှင်ရိုက်တော့ ငှားသုံးတဲ့ ကားပိုင်ရှင်က မကာအိုမှာ မကျောင်းနိုစ် လုပ်စားနေတာမို့ ကျွန်တော့် လာတွေ့ပါတယ်။ အရက် နည်းနည်း သောက်ဖြစ်ပါရဲ့။ ဒီတော့ နည်းနည်း ထွေထွေနဲ့ တီဗီ ထိုင်ကြည့်နေလိုက်ပါတယ်။ တီဗီက ကားပြိုင်ပွဲကို Live ပြနေ တာပါ။ အဲဒီတုန်းက ကျွန်တော်တို့ဆီမှာ စလောင်းတွေ မပေါ် သေးတော့ အထူးအဆန်းပေါ့။ ဒီမှာတွင် တံခါးခေါက်သံ ကြားရ ပါတယ်။ ကျွန်တော့်ကို စတိတ်ချ်ခုံ သွားဖို့ လာခေါ်ကြမှန်း သိပါတယ်။ ဒါကြောင့် နောက်ပြောင်ချင်စိတ်က ပေါ်လာပါရော။ ဒါကြောင့် တီဗီကို အသံချဲ့ပြီး ခုတင်အောက် ဝင်ပုန်းနေပါတယ်။ အပြင်က တံခါးခေါက်တာ မရတော့ အော် ခေါ်ကြပါရော။ အဆိုတော် မမကြီးနဲ့ အကယ်ဒမီ (ဒေါ်)မြင့်မြင့်ခင်တို့ရဲ့ အသံတွေ ပါ။ နောက်ဆုံး ဘယ်လိုမှ ခေါ်မကြား အော်မကြား ဖြစ်လာတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင့်ဆီက သော့တူ တောင်းပြီး တံခါးဖွင့် ဝင်လာကြပါရော။ ကျွန်တော်က လေအေးစက် သိပ်မကြိုက်လို့ ပြတင်းတံခါးလည်း ဖွင့်ထားတာမို့ သူရို့ဟာ ကျွန်တော် မူးမူးနဲ့ ပြတင်းပေါက်က ခုန်ချသွားပြီ ထင်သွားကြပါတယ်။ ခုတင် အောက်ကိုတော့ မရှာကြပါဘူး။ အဲဒီမှာ စိတ်တွေ တအားပူပြီး အဘွားကြီး နှစ်ယောက် သံပြိုင် အော်ခေါ်တော့တာပဲ။ 'သုမောင်'ရေ 'ဗလ'ရေနဲ့ပေါ့။ ဒီတော့မှ ကျွန်တော်က ခုတင်အောက်ကနေ လက်ထုတ်ပြီး သရဲခြောက်သလို အော်ပါတယ်။ အဘွားကြီး နှစ်ယောက် ဇွေ့ဇွေ့ကို ခုန်လို့။ ပြီးတော့မှ ဆဲတော့တာပဲ။ အန်တီဘေဘီ (ဒေါ်မြင့်မြင့်ခင်) ကတော့ မဆဲရှာပါဘူး။ သားသမီးလို ဖြစ်နေတာကိုး။ ဆဲလို့ ဝတော့မှ–

"သောက်မောင် သောက်မောင် ရှော့ အကျီလဲတော့" ဆိုပြီး သူရို့ သိမ်းထားတဲ့ ကျွန်တော့်ရဲ့ မြန်မာဝတ်စုံ အထုပ်ကလေး ထုတ်ပေးရှာပါတယ်။

ဒီလို နွဲ့ဆိုးဆိုးတတ် ကျီစားတတ်တဲ့ ကျွန်တော်ဟာ အရက်ကလေး တထွေထွေ ဖြစ်နေပေမယ့် မြန်မာဝတ်စုံလည်း လဲပြီးရော။ ပီဘိ လူ့ယဉ်ကျေး အဆိုကျော်လေး တစ်ယောက် ဖြစ်သွားပါလေရော။ သိတယ်မှတ်လား 'သုမောင်' လေ။

ဒီလိုနဲ့ ကျွန်တော်တို့ ပထမအကျော့အဖြစ် စပြီး သီချင်းဆိုကြပါတယ်။ ဒီနေရာမှာ နိုင်ငံတကာပွဲ အတွေ့အကြုံ မရှိတဲ့ ကျွန်တော် အရက်ကွဲပါလေရော။ အဖြစ်က တစ်ယောက် သီချင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်စီ ဆိုကြရာမှာ နောက်ဆုံး ကျွန်တော့် အလှည့်ပြီးတော့ လိုက်ကာကြီး ချဖို့ လုပ်ပါတယ်။ သဘောက အမြည်းသဘော တစ်ယောက်တစ်ပုဒ် ဆိုရမှာကိုး။ အဲဒါ ကျွန်တော်က အထာ မသိဘူး။ ပထမ တစ်ပုဒ် ဆိုပြီးလို့ ပရိသတ်က ထုံးစံအတိုင်း လက်ခုပ်သြဘာ ပေးကြတာကိုး။ ကျွန်တော်က ကျွန်တော့်ကို ဝမ်းစ်မိုး လုပ်တယ် ထင်ပြီး ဒုတိယ တစ်ပုဒ် ထပ်ဆိုပါလေရော။ ချနေတဲ့ ကတ္တီပါ လိုက်ကာကြီးကလည်း တစ်ဝက်တစ်ပျက် တိုးလိုးတန်းလန်းဖြစ်လို့။ ပုဏ္ဏားကွယ် ကြားထဲကနေ မေဆွိနဲ့ သီတာဝင်း (အငြိမ့်မင်းသမီး)တို့က 'တော်တော့လေ၊ တစ်ပုဒ်နဲ့ ရပ်တော့လေ' ဆိုပြီး လက်ဟန်ခြေဟန်နဲ့ ပြကြရှာပါတယ်။ ဒါပေမယ့် မရတော့ဘူးလေ။ ဆိုလက်စနဲ့ ဒုတိယ တစ်ပုဒ် ဆုံးအောင် ဆက်တွယ်မိတော့တာပါပဲ။ ကိုယ့်ချင်း ကိုယ့်ချင်း ရှက်စရာ ဖြစ်ရပေမယ့် ပရိသတ်ကတော့ ဒီသုမောင်ကြီး မူးနေပြီ အထင်နဲ့ လက်ခုပ်သြဘာတွေ ထပ်ပေးနေကြလေရဲ့။

နောက်ပိုင်း တစ်ကျော့ပြန်ဆိုကြတော့လည်း ကျွန်တော့်ကို အားပေးကြပါတယ်။ နောင်မှ သိရတာက ဟောင်ကောင် မကာအိုကို ကျွန်တဲ့ အဆိုရှင်တွေက ရောက်ဖူးကြပြီးသားဆိုပဲ။ ဒီတော့ ထူးထူးခြားခြား လူသစ် 'သုမောင်'ကို အားပေးကြတာပေါ့။

ပွဲပြီးတော့ ဘာညကြေးမှ မရပါဘူး။ ဆုတော်ငွေလည်း မလာပါဘူး။ ဆရာဝန်အသင်း ဥက္ကဋ္ဌက တက်လာပြီး ပန်းစည်းနဲ့ 'ဖန်တုံး' စိမ်းလဲ့လဲ့လေးတွေ လက်ဆောင် ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲပြီးတာကနေ ဟောင်ကောင် ပြန်ရောက်တဲ့အထိတော့ ရေးမပြတော့ ပါဘူး။ ရေးပြစရာလည်း မရှိပါဘူး။ မူးနေတာကိုး လေ။

မှတ်မိတာက အဲ ပြန်သတိထားမိတာက ဟောင်ကောင် ပြန်ရောက်ရောက်ချင်း ညစာစားပွဲ ကျင်းပပြီး 'ရှန်ပိန်' သောက်ကြ လို့ မကာအိုပွဲရဲ့ အောင်ပွဲကို ကျင်းပကြတာပါပဲ။ ကြည့်နော် ရှန်ပိန် သောက်ရတာတော့ မှတ်မိနေပါရော့လား။

အဲဒီပွဲမှာ ဟောင်ကောင်က သတင်းစာ၊ ဂျာနယ်က စာနယ်ဇင်းသမားတွေ ရောက်လာပြီး အင်တာဗျူးလုပ်ကြပါတယ်။ ဒီတော့လည်း ပြောတာဆိုတာ ဖြောင့်လို့ပါလား။ 'သုမောင်'ရယ်။ အင်း စာရေးဆရာစိတ် ပြန်ဝင်နေတယ် ထင်ပါရဲ့။

နောက် မှတ်မိနေတာက ရှန်ပိန် သောက်ရတာ ပေါ့ရွှတ် ရွှတ် နေတာမို့ အောက်ထပ်ဆင်းပြီး အရက်ပြင်း ရှာဝယ်ပါတယ်။ ခံလိုက်ရပုံက အရက် ရောင်းတဲ့ မိန်းမကြီးဟာ ကျွန်တော့်ရုပ် ဖမ်းပြီး နိုင်ငံခြားသားမှန်း သိတယ်ထင်ပါ့။ ပိုက်ဆံပေးတော့ ဟောင်ကောင် ဒေါ်လာ မယူဘဲ ဆတ်ဆို လက်ထဲ ကိုင်ထားတဲ့ အမေရိကန်ဒေါ်လာ တစ်ရွက် ဆွဲယူလိုက်တာပါပဲ။ သြော် ဒေါ်လာ ချင်း အတူတူ မျက်နှာလိုက်ပုံများ ပြောပါတယ်။

ခန်းမထဲ လူမြင်မှာစိုးလို့ အိမ်သာထဲဝင်ပြီး ပုလင်းလိုက် (ဝီစကီ) မော့လိုက်တော့ အားပါး ပူထူသွားတာပါပဲ။ ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆောင့်တက် သွားပါတယ်။ အပေါ်ထပ် ခန်းမထဲ ပြန်ရောက်တော့ 'မေဆွိ'လေးကို စချင်တာနဲ့–

"ဟဲ့ ငါ့နာမယ် ဘယ် သူ တုံး"

"ဦးဗလ"

"ဟုတ်ဖူးလေ၊ သုမောင်လေ" ဆိုတော့

"ဦးဗလကြီးက ကောင်းသော လူကလေးမှ မဟုတ်ဘဲ၊ ဆိုးသော လူကလေး"တဲ့။

ဟုတ်ပါရဲ့။ ဟောင်ကောင်ရောက်ကတည်းက သောက်လိုက်တဲ့ တရုတ် ဝီစကီ ရန်ကုန်က ပါလာတဲ့ အမေရိကန်ဒေါ်လာ ၅၀ ကုန်လုပါပေါ့။

❖



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကား အမေရိကား

ဘမ္ဘာဂန္ဓဝင် လက်ဝှေ့သမားကြီး မိုဟာမက်အလီဟာ သူ လျှမ်းလျှမ်းတောက်နေခဲ့တုန်းက ဆိုဗီယက် ရုရှားကို အလှပြ ဆိုးသတ်ဖို့ သွားခဲ့ပါတယ်။ ရောက်ရောက်ချင်းပဲ မော်စကို ရင်ပြင်နီပေါ် လျှောက်ပြေးရင်း 'အမေရိကား အမေရိကား'ဆိုပြီး အလွန် လွတ်လပ်တဲ့ သူ့နိုင်ငံရဲ့ နာမည်ကို တပြီး သီချင်းလုပ် ဆိုသတဲ့။

ကျွန်တော်ဟာလည်း ငယ်ငယ်ကတည်းက အမေရိကားကို အိပ်မက် မက်ခဲ့သူပါ။ ဒါကြောင့် တစ်နေ့နေ့မှာ အမေရိကား ရောက်ရမယ်လို့ စိတ်ကူး ယဉ်ခဲ့ပါတယ်။ ဒါပေမယ့် အမေရိကား သွားဖို့ဆိုတာ တကယ့်ကို အိပ်မက်ပါပဲ။ ဘာအခြေအနေမှ မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



သူများတကာတွေ အလည်အပတ် သွားကြတယ်။ သီချင်းဆို သွားကြတယ်။ 'သုမောင်'ကိုတော့ ဖိတ်မယ့်သူ မရှိခဲ့ပါဘူး။ ဒါပေမယ့် အိပ်မက်ထဲမတော့ ကိုယ်ကြည်နူးတဲ့ ရုပ်ရှင်တွေထဲက အမေရိကားရဲ့ ဒေသအချို့ကို ရောက် ရောက်နေခဲ့ပါရဲ့။ ဒီလိုနဲ့ပဲ သားငယ်က တဖြည်းဖြည်း ကြီးလာတာကြောင့် နောက်ပိုင်း မျှော်လင့်ချက် မထားတော့ပါဘူး။ အမေရိကား အိပ်မက်တွေလည်း မမက်တော့ပါဘူး။

အဲသလို မေ့မေ့ပျောက်ပျောက် နေလိုက်ခါမှ မထင်တဲ့ ထောင့်ကနေ သတင်းကောင်း တစ်ခု ဝင်ခဲ့ပါရော။ မှတ်မှတ်ရရ အသက် ၅၀ ပြည့် မွေးနေ့ ကျတဲ့ ၂၀၀၁ ခုနှစ် မတ်လအတွင်းမှာ ပါပဲ။ ဖုန်းလာတယ်တဲ့ အမေရိကားကတဲ့။ ဟဲ့ ဘာများတုံးပေါ့။

ကျွန်တော့်ဘဝမှာ ဒီလိုပဲ မထင်မှတ်တဲ့ ထောင့်တွေထဲက နေ အကျိုးအကြောင်းတွေ ဖြစ်ဖြစ်လာတတ်တာပါပဲလေ။

အမေရိကားကို လာချင်သလားတဲ့။ အလို ဘယ့်နှယ် မေးလိုက်တာပါလိမ့်ပေါ့။ ဘာအတွက်လဲပေါ့။ ထင်လိုက်တာက တေးဂီတ ဖျော်ဖြေပွဲ တစ်ခုခုပဲ လို့ပေါ့။ နော့ပေတဲ့ လုံးဝ ထင်မှတ် မထားတဲ့ကိစ္စ ဖြစ်နေခဲ့ပါတယ်။

စာပေဆွေးနွေးပွဲ ကိစ္စတဲ့။ အလို ကိုယ် သစ္စာအရှိဆုံး လုပ်ငန်းက ကိုယ့် ပြန်ပြီး ကျေးဇူးပြုပါပြီကော။

သိရတာက နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ I.W.P (International Writing Program) နိုင်ငံတကာ စာပေလုပ်ငန်းကိစ္စပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ် ဩဂုတ်လလယ်မှာ အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် တက္ကသိုလ်မှာ နိုင်ငံစုံ (၂၈)နိုင်ငံလောက်က စာရေးဆရာတွေ တွေ့ဆုံ ဆွေးနွေးကြ၊ အမြင်ချင်း ဖလှယ်ကြနဲ့ စုပေါင်း နေထိုင်ကြ ရမယ့်ပွဲ ဆိုပါလား။ အောင်မယ်လေး ဒီနည်း ဒီပုံစံနဲ့ သွားရလို့ ကတော့ သူမောင်တို့က ထများတောင် ကလိုက်ချင်သေးတော့။

ဒါပေမယ့် လျှောက်လွှာ တင်ရမယ်တဲ့။ ဟာ ဒါတော့ မလုပ်ချင်ပါဘူး။ ကိုယ်က စာရေးဆရာပဲ။ ကိုယ့် သဘောကျရင် လှမ်းဖိတ်ပေါ့။ ကိုယ်က စာမေးပွဲ ဖြေသလို ဝင်ပြိုင်ရမယ် ဆိုရင်တော့ နေပါစေ။

ဒီလိုနဲ့ တစ်လနှစ်လလောက် အခြေအတင် ဆွေးနွေးရာက နောက်ဆုံး သူ့ရို့ဘက်က ဖိတ်စာ ပို့ပေးပါမယ်။ ကျွန်တော့် ဘက်ကလည်း ရေးခဲ့ဖူးတဲ့ မိသားစု ဇာတ်လမ်းတွေ ပို့ပေးပါ ဖြစ်ပါလေရော။ ဩော်... ထူးဆန်းလိုက်တာ။ ရေးနေကျ မိသားစု အကြောင်းတွေကိုမှ သူ့ရို့က အသိအမှတ်ပြုတာ။ ဒီမှာက အဲဒီ မိသားစု အကြောင်း စာစုတွေဆို အဝေဖန် အတိုက်ခိုက် ခံနေရ တာ။ 'သူ့အိမ် အကြောင်းပဲ သူ ရေးနေတာ' ဆိုပြီးတော့ပေါ့။

ကံကောင်းချင်တော့ အဲဒီမိသားစုဘွဲ့တွေကိုပဲ နှစ်သက်တဲ့ စာရေးဆရာကြီး သုံးဦးက ပေါ်ပေါက်ခဲ့ပါတယ်။ နှယ်နှယ်ရရ မဟုတ်ဘူး။ စာရေးဆရာကြီး 'မောင်ထင်'၊ စာရေးဆရာမကြီး 'ဒေါ်ခင်မျိုးချစ်'နဲ့ စာရေးဆရာကြီး 'သော်တာဆွေ'တို့ ပါပဲဗျာ။ အဲဒီ ဆရာ၊ ဆရာမကြီး သုံးယောက်ကတော့ သူမောင်ရဲ့ မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ပုံပြင်တွေကို ကြိုက်ကြကြောင်း ဆောင်းပါးတွေ ရေးကြပါတယ်။ ကမ္ဘာက အသိအမှတ် ပြုထားတဲ့ ပညာရှိကြီး သုံးယောက်ရဲ့ ထောက်ခံချက်ဆိုတော့ သုမောင်ရဲ့မိသားစု ပုံပြင်တွေကို အင်္ဂလိပ်လို (Family Saga) 'ဖြစ်ကြောင်းကုန်စင် မိသားစုပုံပြင်' ဆိုတဲ့ သဘောနဲ့ အမေရိကားက သဘောကျတာ ဆိုပဲ။ ဒီလိုနဲ့ပဲ စိတ်ကူး အိပ်မက်ထဲက 'အမေရိကား' ခရီးစဉ် စတင် ပေါ်ပေါက်ခဲ့ရပါပကော။ လွယ်တော့ မလွယ်လှဘူး။ အရင် ဟောင်ကောင်မကာအို သွားခဲ့တုန်းက 'ပတ်စ်ပို့'ကလည်း ပြန်အပ်ထားတာမို့ ပြန်ပြီး သက်တမ်း တိုးရဦးမှာ။ အဲဒီ အချိန်က ပတ်စ်ပို့ဟာ သိပ်ခက်ခဲတဲ့ ပြဿနာကြီးပေါ့။ ပတ်စ်ပို့နောက် လိုက်နေရတာနဲ့ပဲ သွားရမယ့် ရက် နီးလာခဲ့ပါတယ်။ စိတ်လည်း ပျက်ချင်လာပါပြီ။ အထူး သဖြင့် 'သုမောင်'လို လူတစ်ယောက် အမေရိကားကို သွားပြီး ပြန်မလာတော့မှာကို စိုးရိမ်နေတာလို့လည်း သတင်းက ထွက်နေတာကိုး။ နောက်ဆုံးတော့ အမေရိကန် အိပ်မက်ကို ပြန်ဖျက်ပြီး ကိုယ့်ဘာသာ အေးအေး နေတော့မယ်လို့ စိတ်တုံးတုံးချလိုက်ခါမှ...

တစ်နေ့တော့ အလုပ်ကိစ္စတစ်ခုနဲ့ ဌာနဆိုင်ရာကို သွားရင်း လူကြီးတစ်ယောက်နဲ့ တွေ့ပါတယ်။ သူက သတင်းကြားနဲ့ ဝမ်းသာနေတာတဲ့။ ကျွန်တော်က အဲဒီ စိတ်ကူးအိပ်မက်ဟာ ပတ်စ်ပို့ အခက်အခဲကြောင့် ပျက်သွားပါပြီ ပြောတော့ ခဏနေဦး ကျွန်တော် ကြိုးစားကြည့်မယ်လို့ ဝမ်းသာစရာစကား ပြောလာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီ ပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကိုလည်း ကောင်းကောင်း ချစ်ခင်လေးစားသူပါ။

ဟော သူနဲ့တွေ့လို့ ဘာကြောသလဲ တစ်ပတ်လားပဲရှိတယ်။ အောင်မယ် ဖြစ်ချင်တော့ ပတ်စ်ပို့က အိမ်တိုင်ရာရောက်ကို လာပို့တော့တာပါပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com

## မုန့်ကုလားမည်း

ကြိုတင်ပြီး ပြောထားပါရစေ။ အခု ရေးနေတဲ့ အမေရိကား ခရီးစဉ်ဟာ နည်းနည်းတော့ ရှည်ပါလိမ့်မယ်။ သွားခဲ့ဖူးတဲ့ ပြည်ပ ခရီးစဉ်တွေထဲမှာလည်း ဟိုမှာ ရက်အကြာဆုံး နေခဲ့ရသလို အတွေ့ အကြုံ ပိုများလို့ပါ။ (အမေရိကားမှာက တစ်လကျော် ကြာခဲ့ ပါတယ်။)

စကားမစပ် ပြောရဦးမယ်။ နိမ်ချသလိုလိုနဲ့ ကြွားတယ် မထင်ကြစေချင်ဘူး။ ဟိုသွားတော့ ကုတ်အင်္ကျီနဲ့ ဘောင်းဘီက သား ဖိုးသောကြာရဲ့ အဝတ်အစားတွေ။ နက်ခ်တိုင်က သွားမယ် သတင်းကြားလို့ သူငယ်ချင်းက လက်ဆောင်ပေးတာ။ ရှူးဖိနပ်နဲ့ ခရီးဆောင် သေတ္တာကို အစ်ကို နိုင်ငံခြား အလုပ် သွားလုပ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ။ ဒါလောက်ဆိုရင် ကျွန်တော်ဟာ ပြည်ပခရီးကို သိပ်ကြီးကြီးကျယ်ကျယ် သဘော မရှိခဲ့တာ ပေါ်လောက်ပါပြီ။ ပြည်ပခရီးမှ မဟုတ်ပါဘူး။ ပြည်တွင်းခရီးဆို အိမ်က မြို့ထဲ သွားတာတောင် တစ်ခါတလေ အိမ်နေရင်း အဝတ်နဲ့ ထွက်သွားတာ။ အဝတ်အစား မလော်လယ်တတ်ဘူးပဲ ဆိုကြပါစို့။ ဘယ်လောက်ထိလဲဆိုရင် ငယ်ငယ်က ရုပ်ရှင်ရိုက်ခဲ့တဲ့ အဝတ်အစားတွေ ခုထိ ရှိတုန်း ဝတ်နေတုန်းပါ။ ဟုတ်ပါရဲ့ သရုပ်ဆောင်ရတဲ့ အခန်းတွေကလည်း သိပ်ပြီး ဖန်စီကျတာတွေ၊ သူဌေး အခန်းတွေမှ မဟုတ်ဘဲ။ အရက်သမားတို့၊ သူဘရာဇာကြီးတို့၊ အလွန်ဆုံး ရိုက်ရမှ စာရေးဆရာခန်း။ ဒီတော့လည်း အဲဒီ ရိုးစင်းတဲ့ ဝတ်စုံတွေဟာ ဒီနေ့ထိ ဝတ်နေရတုန်းပေါ့။

ပြောရင် ယုံမှာ မဟုတ်ဘူး။ အကယ်ဒမီ တက်ယူတုန်းက လုံချည် ကောင်းကောင်း မရှိလို့ သူငယ်ချင်းဆီက ရခိုင်လုံချည် ငှားဝတ်သွားရတာ။

ကိုင်း ရိုးရိုးလေးပဲ ဝတ်တတ်စားတတ်လို့ ဘန်ကောက်လေဆိပ်မှာ သေနတ်ပါသလား အမေးခံရတာ နည်းတောင် နည်းသေး မဟုတ်လား။

ဘန်ကောက်ကနေ ထွက်လာတော့ 'တိုကျို'မှာ ခဏ နားပါတယ်။ ခဏ ဆိုပေမယ့် တစ်နာရီခွဲလောက် ကြာတယ်။ ဒီတော့ လေဆိပ် အဆောက်အဦထဲ ဆင်းပါတယ်။ ဘာရယ် မဟုတ်ပါဘူး။ ဂျပန်မြေကို ခြေချကြည့်တာပါ။ ဘာရယ် မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် ဟိုကိစ္စလည်း ပါပါတယ်။ ယမကာပါ။ ကျွန်တော်က တစ်မျိုးပဲ။ ပြည်ပခရီးဖြစ်ဖြစ်၊ ပြည်တွင်းခရီးဖြစ်ဖြစ် လေယာဉ်ပေါ်က ကျွေးတာတွေ သိပ်မစားတတ်ဘူး။ အရက်တို့ ဝိုင်တို့လည်း မသောက်ဖြစ်ဘူး။ သောက်ချင်စိတ်ရှိရင် ကိုယ့်ဘာသာကိုယ် ပုလင်းပြားလေးနဲ့ ဆောင်သွားတယ်။ လေယာဉ်မယ်တွေကို အရက် တောင်းရမှာ ရှက်နေတတ်ပါတယ်။ ဟောင်ကောင်မကာအို ခရီးစဉ်တုန်းကလည်း ဒီအတိုင်းပဲ။ စကားမစပ် ပြောရရင်တော့ ပြည်တွင်းခရီး တော်တော်များများမှာတော့ ခင်မင်တဲ့ လေယာဉ်မှူးတွေနဲ့ကြုံရင် လေယာဉ်မောင်းခန်းထဲ သွားပြီး သူတို့ ဝှက်ထားတဲ့ အရက်တွေ သောက်ဖူးပါတယ်။

ဒီတော့ ဂျပန်တိုကျိုလေဆိပ်ထဲက ဘားမှာသွားပြီး နှစ်ပက် သောက်ဖြစ်တယ်။ မှန်ခန်းထဲကနေ တိုကျိုမြို့ကို လှမ်းကြည့်တယ်။ နောက်တစ်ခုက ထိုင်း လေကြောင်း လေယာဉ်မယ်လေးတွေလိုပဲ လှပပြီး သိမ်မွေ့တယ်။ ပြုံးပြတယ်။ အမေရိကန် လေကြောင်းလိုင်းက ဘိုမတွေကတော့ ဝတုတ်ကြီးတွေ။ မျက်နှာကြောလည်း တင်းတယ်။ ဒါကြောင့်လည်း အရက် တောင်းရမှာ ခက်နေတာ ထင်ပါရဲ့။

တိုကျိုကနေ အမေရိကားထိတော့ တိုက်ရိုက်ပျံသန်းပါတယ်။ ၁၈ နာရီလောက် စီးရတယ်။ အရက် သောက်ချင်တာ အောင့်ထားရတာပေါ့။ ပြီးတော့ ကျွန်တော်က ခရီးသွားရင် အိပ်တတ်ဘူး။ ဒီတော့ 'ငေါင်'တာပေါ့လေ။ ဒါပေမယ့် ဘုရားကို



www.burmeseclassic.com

www.burmeseclassic.com



စူးရစေရဲ့။ အရက်တောင်းမသောက်ဖြစ်ပါဘူး။ ဒီလိုနဲ့ 'အိုင်အိုဝါ' မရောက်ခင် 'စိန်ပေါလ်'ဆိုတဲ့ မြို့လေးမှာ လေယာဉ် ခဏ ဆင်းပြန်တယ်။ ဒီလိုပဲ တစ်နာရီကျော်ကျော် ကြာပြန်ရော။ အဲဒီမှာတော့ လေယာဉ်ကြီးကနေ လေယာဉ် လတ်ဆီ ပြောင်းပြီး စီးရပါတယ်။ ဒီတော့ လေဆိပ်ထဲ ရောက်ရပြန်ရော။ လေယာဉ် ပြောင်းရမယ့် ဂိတ်ကို အသွားမှာ 'ဘား' တစ်ခု တွေ့တော့ ရေငတ်တုန်း ရေတွင်းတွေ့ပေါ့လေ။ ကန်းထရီးစတိုင် လုပ်ထားတဲ့ ဆိုင်ကလေးပါ။ ရောင်းနေတဲ့ အမေရိကန်ကလည်း ကောင်းဘွိုင် ဝတ်စုံနဲ့။ တေးသီချင်းတွေ ဖွင့်ထားပြီး အရက် ငှဲ့ပေးတာတောင် ကလို့ခုန်လို့။ ချစ်စရာ အမေရိကန်။

ကျွန်တော်က အရက် ၂ ပက် မှာသောက်တယ်။ ငွေရှင်းဖို့ ဘောင်းဘီထဲ နှိုက်လိုက်တော့ ဘယ်လိုကဘယ်လို ကပ်ပါလာမှန်းမသိဘူး။ မြန်မာငွေ (၂၀)တန် တစ်ရွက်။ သူ့ကိုပေးမယ် လုပ်ပြီးမှ ရှက်ရှက်နဲ့ ပြန်သိမ်းမယ် လုပ်တော့ သူက ပျာပျာသလဲ လက်တားတယ်။ ဘာလဲပေါ့။ ဒီတော့မှ ငနဲက ခုနက ပိုက်ဆံက ဘာပိုက်ဆံလဲ မေးတော့ မြန်မာငွေပေါ့။ ပြောရတယ်။ မြန်မာကို သူ မသိရှာဘူး။ မထူးဆန်းတဲ့ ပိုက်ဆံရွက်ကိုပဲ စိတ်ဝင်စားနေတာ။ ပြပါဦးတဲ့။ ပြလိုက်တော့ သူ့ ရောင်းမလားတဲ့။ ဟိုက်... ဟုတ်ပေ့ကွာပေါ့။ ဒါကြောင့် မရောင်းဘူး နောက် နှစ်ပက်ဆိုတော့ ကြည်ကြည်သာသာနဲ့ သုံးပက်တောင် ထပ်ထည့်ပေးပြီး အဲဒီ မြန်မာငွေ (၂၀)ကို



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ယူသွားတယ်။ ချက်ချင်းပဲ သူ့ နောက်ကျောက နံရံမှာ တိပ်နဲ့ ကပ်လိုက်ပါတယ်။ လား...လား... သူ့ နောက်ကျော နံရံကို အဲဒီတော့မှ ကြည့်မိတယ်။ နိုင်ငံစုံက ငွေစက္ကူတွေကို အမယ် ဆင်ဆင်တွေ ရွေးပြီး ပန်းချီ ဒီဇိုင်းလို ကပ်ထားတာကိုး။ အင်း မြန်မာငွေစက္ကူ (၅)ကျပ်တန်ကနေ (၁၀၀၀)တန် အထိများ ပါသွားရင် သုမောင်တို့ 'စိန်ပေါလ်'မှ ကျန်ရစ်ခဲ့မယ့်ပုံပဲ။

ဒီလိုနဲ့ လေယာဉ် ပြောင်းစီးရမယ့် ကောင်တာမှာ တန်းစီ တော့ ကပ္ပလီ ရဲတစ်ယောက်က ကျွန်တော့်ကို လက်တို့ပြီး "ဒါ မင်း အိတ်လား"တဲ့။ ကျွန်တော့် အဝတ်သေတ္တာကို လက်ညှိုး ထိုးပြတယ်။ ဟုတ်တယ်ဆိုတော့ တခြား ရဲအရာရှိတွေပါ လှမ်း ခေါ်ပြီး ကျွန်တော့်ကို စစ်လားဆေးလား လုပ်တော့တာပါပဲ။ ပြဿနာက ဟိုတစ်ပတ်က ကျွန်တော် ရေးခဲ့တဲ့ ဒီက ပေးလိုက်တဲ့ လက်ဆောင် ပစ္စည်းတစ်ခုပါပဲ။

"မုန့်ကုလားမည်းထုပ်"ပါ။ နာမည်နဲ့လိုက်အောင် မည်းတဲ့ မုန့်ပျော့ပါ။ အောက်မြန်မာပြည် မြိတ်ဘက်က ထွက်တဲ့ မုန့်ပါ။ သဘောကတော့ မန္တလေး ထိုးမုန့်လို အမည်းရောင်ပါ။

လက်စသတ်တော့ သူရို့က အဲဒီမုန့်ကို 'ယမ်းပျော့'ထင် တာကိုး။ အမေရိကန်သံဝဲတဲ့ အင်္ဂလိပ်စကားနဲ့ ပြောဆိုမေးမြန်းကြ တော့ သိပ်နားမလည်တာနဲ့ အဲဒီ သူများလက်ဆောင် 'မုန့်ကုလား မည်း' ကို ဖောက်ပြီး စားပြလိုက်ရတော့တယ်။

ရန်အောင်စာပေ-၂

www.burmeseclassic.com

www.burmeseclassic.com



"စားကြပါဦး" ဆိုတော့–

"သိုင်းခရူး– ဆောရီး သွားနိုင်ပါပြီ၊ နောင့်ယှက်မိတာ ခွင့်လွှတ်ပါ"တဲ့။

❖



www.burmeseclassic.com

www.burmeseclassic.com

# ဂျနီဖာဘမ်း တဲ့

ကျွန်တော် ဆင်းရမယ့် 'အိုင်အိုဝါ'လေဆိပ် ရောက်ပါပြီ။ လေယာဉ်ပေါ်က လှမ်းကြည့်လိုက်ကတည်းက လေဆိပ်သေးသေးလေးကို မြင်ရပါတယ်။ သေးသေးကလေးမှ အမေရိကားရဲ့ လေဆိပ် တစ်ခုလောက်တောင် မထင်ရအောင် သေးငယ်လှပါတယ်။ ဘန်ကောက်လေဆိပ်၊ တိုကျိုလေဆိပ်တွေ ဆင်းခဲ့တာမို့ သေးသေးလေးလို့ ပြောရတာပါ။ နှော့ပေတဲ့ ချက်ချင်းပဲ သတိရသွားပါတယ်။ 'အိုင်အိုဝါ'ဆိုတာက မြို့သေးသေးကလေးကိုး။ မြန်မာပြည်လို ဆိုရင်တော့ ပုဂံလေဆိပ်လို သဘောမျိုး ဖြစ်ပါလိမ့်မယ်။ မြို့သေးတော့ လေဆိပ်သေးတာပေါ့။ ဒါပေမယ့် 'အိုင်အိုဝါ' ဟာ အမေရိကားရဲ့ အထင်ကရပါ။ မြို့သေးပေမယ့် တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



အကြီးကြီး ရှိတယ်။ ပညာတတ်တွေ ပေါတယ်။ ပြောရရင် သမ္မတ ရွေးကောက်ပွဲတွေမှာ အရေးပါဆုံး ဆန္ဒမဲ ရယူနိုင်တဲ့ မြို့ပါ။ လေယာဉ်ပေါ်က ဆင်းလာတော့ ငါ့လာကြိုမယ့်သူ ရှာရမှာ ခက်မလား မှတ်တယ်။ လွယ်လွယ်လေးပါလား။

ဒီမှာကတည်းက အီးမေးလ်နဲ့ ဆက်သွယ် ထားတာမှာ လာကြိုမယ့်သူက "ဂျနီဖာဘက်မ်း"တဲ့။ အမျိုးသမီးပေါ့။ ဒါနဲ့ လာကြိုသူတွေထဲ ကြည့်လိုက်တော့ 'အိုင်အိုဝါ တက္ကသိုလ်'ဆိုတဲ့ လက်ရေးနဲ့ ရေးထားတဲ့ ကတ်ပြားလေး ကိုင်မြှောက် ပြနေတဲ့ မိန်းမငယ် တစ်ယောက်ကို တွေ့ရပါတယ်။ အစတော့ ကိုယ့်ကို ကြိုမယ့်သူလို့ မထင်ပါဘူး။ စိတ်ထဲ ငါ့လာကြိုမယ့် အဘွားကြီး မဟုတ်နိုင်ဘူးပေါ့။ အခုဟာက ငယ်ငယ်ချောချောလေး ဖြစ်နေတာ ကိုး။ 'အိုင်အိုဝါ ယူနီဗာစီတီ'လို့ ကတ်ပြားမှာ ရေးထားတာလည်း တခြား တက္ကသိုလ်နဲ့ ဆိုင်တဲ့ ကိစ္စပဲ ထင်မိတာပေါ့။ ဒါပေမယ့် ကျွန်တော်က သူ့ဆီ မသွားခင် သူက ကျွန်တော့်ဆီ တန်းတန်း မတ်မတ်ပဲ လျှောက်လာပါတယ်။

'သုမောင်လား'တဲ့။ သူကပဲ စပြီး နှုတ်ဆက်လို့... ဟဲ့ ငါ့ကို ဘယ့်နှယ် သူက သိနေပါလိမ့်မလဲပေါ့။ နောက်မှ သတိရတယ်။ အဖြူတွေကြားထဲ မည်းမည်းသည်းသည်းနဲ့ အာရှသား မျက်နှာ ပေါက်က ကျွန်တော် တစ်ယောက်တည်း ရှိတာကိုး။

'ဟုတ်တယ်'ဆိုတော့ လက်ဆွဲနှုတ်ဆက်ပြီး ကျွန်တော့်ရဲ့ တန်ဆာ ကတ်ပြား တောင်းပြီး သူက ဦးဆောင်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ရွေးဖို့ပါ။ ထူးခြားတာက ကျွန်တော့်ရဲ့ အဝတ်အစားနဲ့ စာအုပ်သေတ္တာကြီးက အကြီးကြီးပါ။ စာအုပ်တွေက များတာကိုး။ သေတ္တာကို ဘီးကလေးတွေပါလို့ တွဲလောင်း ဆွဲသွားရတာ သိပ် မခက်ပေမယ့် သယ်မယ်ဆိုရင် နှစ်ယောက်သယ်မှ ရမှာပါ။ အဲဒါ ဗျာ ဂျနီဖာ တစ်ယောက်တည်း ဆွဲပြီး တစ်ယောက်တည်း သယ်မ ပါလေရော။

ကျွန်တော်က ဝိုင်းသယ်မယ် ပြောတာ လက်မခံဘူး။ သူ တစ်ယောက်တည်း သယ်ပါရစေတဲ့ (ဧည့်သည်ကို ဂရုစိုက်တာ ပြောပါတယ်)။ ကျွန်တော်ကတော့ ရှက်အားနာကြီးပေါ့။ ဟုတ် တယ်လေ။ ယောကျ်ားသားက နံဘေးက အေးအေးဆေးဆေး လျှောက်လိုက်ပြီး မိန်းမသားက သေတ္တာအလေးကြီး သယ်မ နေတာ ကျွန်တော်တို့ မြန်မာလိုတော့ လူမြင်မကောင်းဘူးပေါ့။ ဒါပေမယ့် သူကတော့ အေးဆေးပဲ။

ကောင်မလေးက အမျိုးသမီးသာဆိုတယ်။ အရပ်ကလည်း ကျွန်တော်နဲ့ မတိမ်းမယိမ်း၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း ထွား ကျိုင်းတယ်။ ပြီးတော့ 'ချော'တယ်ဗျ။ ဘိုမတွေနဲ့ အနေဝေးလို့ မျက်စိထဲ ချောတယ် ထင်မိသလားတော့ မသိပါဘူး။

သူက ကားနဲ့ လာကြိုတာပါ။ 'ဟွန်ဒါ'ကားကြီးပါ။ အဖော် မပါဘူး။ နောက်ဖုံး ဖွင့်ပြီး ကျွန်တော့် သေတ္တာကြီးကိုလည်း တစ်ယောက်တည်း မပြီး တင်ရှာတယ်။

ကားပေါ်မှာ သူနဲ့ ကျွန်တော် ရှေ့ခန်းမှာပဲ အတူထိုင်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ စကားတော့ မပြောဖြစ်ကြသေးဘူး။ ကားကို သူကိုယ်တိုင် မောင်းပါတယ်။

'ကော်ဖီဆိုင် ထိုင်မလား'တဲ့။ သူက စပြီး မေးတာပါ။ အဲဒီ အချိန်မှာ ကျွန်တော်က 'ဝီစကီ' ပြင်းပြင်းလေး တစ်ခွက်နဲ့ ဆေးလိပ် အရမ်းသောက်ချင်နေတာ။ ဟုတ်တယ်လေ။ ၁၈ နာရီ လောက် အငတ်ခံခဲ့ရတယ် မဟုတ်လား။

ဒါနဲ့ 'ကိုယ် စီးကရက်သောက်ချင်တယ်'ပြောတော့ ပြုံးပြီး ခေါင်းခါပြတယ်။ ဒီတော့မှ သတိရတယ်။ သူ့ရို့ဆီမှာ ကားပေါ် စီးကရက် မသောက်ရဘူးကိုး။ ပြီးတော့ နေရာတိုင်းမှာကို စီးကရက် မသောက်ရဘူး။ သတ်မှတ်ထားတဲ့ အခန်းလေးတွေ ရှိတယ်။ အဲဒီမှာပဲ သောက်ကြရတာပါ။ မြန်မာပြည်ကတည်းက လေ့လာ ထားလို့ သိခဲ့တာပါ။

ဒါကြောင့် အသာငြိမ်ပြီး လိုက်ခဲ့ရတယ်။ နာရီဝက်လောက် မောင်းလိုက်တော့ 'အိုင်အိုဝါ' မြို့ကလေးဆီ ရောက်လာတယ်။ ကျွန်တော်တို့ဆီက 'ပြင်ဦးလွင်'နဲ့ ခပ်ဆင်ဆင်ပါပဲ။ ကိုယ့်ခြံ ကိုယ့်ဝန်းလေးတွေနဲ့ တိုက်ပုလေးတွေ များတယ်။ အလွန်ဆုံး နှစ်ထပ်ပဲ။

'အိုင်အိုဝါတက္ကသိုလ်' နယ်မြေထဲ ရောက်တော့မှ လားလား နည်းတဲ့ တက္ကသိုလ်ကြီး မဟုတ်ဘူး။ ရှေးဟောင်း အဆောက်အအုံ ကြီးတွေနဲ့ တကယ့်ကို ပညာတတ်မြို့ပါပဲ။ မြို့သေးသလောက် တက္ကသိုလ်က ကြီးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တည်းခိုရမယ့် 'အိုင်အိုဝါ' ဧည့်ရိပ်သာ ရောက်တော့ သူကပဲ ဦးဆောင်ပြီး အစစ လုပ်ပေးတယ်။ ကျွန်တော့် အခန်းထဲထိ သူ လိုက်ပို့တယ်။ ထုံးစံအတိုင်း ကျွန်တော့် စာအုပ်သေတ္တာကြီး မလို့။ အခန်းထဲ ရောက်တော့ နေရာချပေးပြီး 'ဒါက ဘာ'၊ 'ဒါက ဘာ'ဆိုပြီး အခန်းငယ်တွေ လိုက်ပြတယ်။

"ဒီနေရာ ကြိုက်ရဲ့လား၊ ပြတင်းပေါက်ကနေ ကြည့်ရင် 'အိုင်အိုဝါ'မြစ်ကို မြင်ရတော့ "ရှင်တို့ စာရေးဆရာတွေအတွက် အဆင်ပြေမယ် ထင်လို့ပါ" ဆိုပြီး ကျွန်တော် အိပ်ရမယ့် ခုတင်နေရာကို ပြရင်း မေးတယ်။ ကျွန်တော် မကြိုက်ဘူးဆိုရင် ရွှေ့ပေးမယ့် သဘောပေါ့။ ဒီတော့လည်း အိပ်ရာ နေရာ မရွေးတတ်တဲ့ ကျွန်တော်က 'အိုကေ' ပဲပေါ့။ ကျွန်တော့်ကို ကူညီစရာ ရှိတာ ကူညီပြီး 'ညနေမှ တွေ့မယ်' ပြောပြောဆိုဆို သူ ပြန်ထွက်သွားပါတယ်။ ကျွန်တော်လည်း မွေ့ရာပေါ် ခြေပစ်လက်ပစ် လှဲချလိုက်ပါတယ်။

ဒီမှာတွင် ဘယ်လိုကဘယ်လို စိတ်ထဲ ပေါ်လာသလဲ မသိဘူး။ 'ငါ နွားပဲ၊ နွားကျတဲ့ကောင်ပဲ'လို့ ရေရွတ်အိပ်တော့တယ်။ ဟုတ်တယ်လေ လေဆိပ်က ထွက်ထွက်ချင်း 'ကော်ဖီဆိုင် ထိုင်မလား' မေးခဲ့တဲ့ သူ့စကား။

သူရို့ဆီမှာ ကော်ဖီဆိုင် ဖိတ်ခေါ်တာဟာ ဘာအတွက်လဲ။ 'မိတ်ဖွဲ့ဖို့'၊ အချို့ဆို ရည်းစားစကား ပြောဖို့ ဟုတ်လား။

ဒါပေမယ့်လေ အဲဒီ ယဉ်ကျေးမှုက အခုဆို သူရို့ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူးလားမှ မသိတာ။ ဂျနီဖာကို အရမ်းကြီး လျှော့တွက်လို့လည်း မရဘူးပေါ့။ ဘာပဲဖြစ်ဖြစ် အဲဒီကော်ဖီဆိုင် အတူ မထိုင်ဖြစ်ခဲ့တာကိုတော့ စိတ်ထဲ မကျေလည်လှဘူး။ အခွင့်အရေး တစ်ရပ်ဆုံးရှုံးသွားသလိုပဲလေ။ ဩော်... ယောကျ်ားဘသား။

❖



www.burmeseclassic.com

www.burmeseclassic.com

# အကြမ်းဖက်သမား

ဘန်ကောက်လေဆိပ်မှာ 'သေနတ်ပါသလား'လို့ အမေး ခံလိုခံရ၊ စိန်ပေါလ်လေဆိပ်မှာ 'မုန့်ကုလားမည်း'နဲ့ 'ယမ်းပျော့' အထင်မှားပြီး အစစ်ဆေး ခံရလိုခံရ။ သုမောင်ကြီးရဲ့ အင်္ဂါရုပ်ကို သိလောက်ပါပြီ။ ဟောဗျ လာပြန်ပါချေပြီ။ ဒီတစ်ခါတော့ ရဲကားနဲ့ကို အခေါ် ခံရတာပါ။

ပြောခဲ့ဖူးပါတယ်။ အမေရိကား(အိုင်အိုဝါ)မှာ စီးကရက်သောက်ရ ခက်တယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံစုံ စာရေးဆရာတွေ တည်းခိုတဲ့ ဧည့်ဂေဟာမှာတောင် နားနေဆောင်မှာပဲ ဆေးလိပ်သောက်ခွင့်ရှိတာ။ ကိုယ့်အိပ်ခန်းထဲတောင် ကိုယ် မသောက်ရဘူး။ ပြီးတော့ တက္ကသိုလ်နယ်မြေထဲ ဆေးလိပ် မရောင်းဘူး။ အနော်



www.burmeseclassic.com

www.burmeseclassic.com



မရောင်းဘူး။ ဒီတော့ ကျွန်တော့်မှာ ဆေးလိပ် ဝယ်ချင်ရင် ၄၅ မိနစ် လမ်းလျှောက် မြို့ထဲသွားပြီး ဝယ်ရတယ်။ တစ်နေ့ တစ်ဘူး လောက် သောက်ဖြစ်တော့ နံနက်တိုင်း အစောကြီးထ မြို့ထဲ လမ်းလျှောက် ရပါတယ်။ မြို့ထဲလည်း သိပ် လည်လည်ဝယ်ဝယ် မသွားတတ်တော့ စတိုးဆိုင်တစ်ဆိုင်ကို မှတ်ထားပြီး အဲဒီဆိုင်ပဲ နံနက်တိုင်း သွား သွား ဝယ်ရတာပေါ့။

တစ်နေ့တော့ ခါတိုင်းလိုပဲ နံနက်စောစော ၆နာရီလောက် ဂေဟာက ထွက်လာခဲ့တာ ၇ နာရီလောက် မြို့ထဲ စတိုးဆိုင် ရောက်ပါတယ်။ ဒီမှာတွင် ပြဿနာက ခါတိုင်း နံနက် အစောကြီး ဖွင့်နေကျဆိုင်က ဒီနေ့မှ '၉နာရီမှ ဖွင့်မည်' ဆိုပြီး စာကပ် ထားပါလေရော။ ဟာ– ဘယ်နှယ့်လဲပေါ့။ နောက်မှ သိရတာက အဲဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ နံနက်ပိုင်း သူရို့ ဘုရားရှိခိုး ကျောင်း တက်မှာကိုး။

အဲဒီတော့ အချိန်တွေ ပုပ်နေမယ့် အတူတူ မြို့ထဲ လမ်း သလားဦးမှပဲဆိုပြီး အဓိက နေရာတွေမှတ်၊ လမ်းပတ်လျှောက် နေခဲ့ပါတယ်။ သိပ် ဝေးဝေးလံလံလည်း မသွားရဲဘူးဆိုတော့ တော်တော်လေး လျှောက်လိုက် စတိုးဆိုင်နား ပြန်ရောက်လိုက်နဲ့ သုံးလေးပတ်လောက် လည်နေရော ဆိုပါတော့။ နောက်ဆုံးတော့ ထပ်ပြီး မသွားတော့ဘဲ လမ်းဘေး ပလက်ဖောင်း တစ်နေရာမှာ ထိုင်နေလိုက်ပါတယ်။ အဲဒီ အချိန်မှာပဲ အမေရိကန် သူတောင်းစား လို့ ထင်ရတဲ့ အဘိုးကြီး နှစ်ယောက်ကလည်း မလှမ်းမဝေးမှာ



www.burmeseclassic.com

www.burmeseclassic.com



လာထိုင်ပါတယ်။ ခဏနေလို့ စတိုးဆိုင်ဘက် ပြန်လျှောက်မယ် လည်း လုပ်ရော ဘယ်အချိန် ဘယ်နေရာက စောင့်နေမှန်း မသိရတဲ့ ရဲကားတစ်စီး ကျွန်တော့်နံဘေး လာရပ်ပါလေရော။ ကားပေါ်က 'အမည်း' ပုလိပ်တစ်ယောက် ဆင်းလာပြီး...

'ဘာလုပ်နေတာလဲ'တဲ့။

'လမ်းလျှောက်နေတာ'ဆိုတော့...

'အဓိပ္ပာယ် မရှိဘူး၊ ကားပေါ်တက်ပါ'တဲ့။

'ဘာလို့ တက်ရမှာလဲ၊ တကယ် လျှောက်နေတာ'

'ဘာအတွက် လမ်းလျှောက်နေတာလဲ'

'စီးကရက်ဝယ်ဖို့'

'အဓိပ္ပာယ် မရှိပြန်ဘူး'

'ဟာ- ဟိုနားက ဂျွန်ဆင်စတိုးမှာ ငါ စီးကရက် ဝယ်နေကျ'

'ဒီနေ့ တနင်္ဂနွေနေ့ ဆိုင်မဖွင့်သေးဘူး'

'အေးလေ၊ ဒါကြောင့် ငါ လမ်းလျှောက်နေတာ'

ဒီတော့မှ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပါတယ်။

ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ပါတယ်။ ဟုတ်ပါရဲ့။ စောစောက ပြောခဲ့တဲ့ အမေရိကန် သူတောင်းစားတွေ လောက်မှ မသားနားဘူး။ ဒီလိုပဲ ညက ဝတ်အိပ်ခဲ့တဲ့ အဝတ်အစား နဲ့ ဆံပင်စုတ်ဖွားနဲ့။ မျက်နှာတောင် မသစ်ဘဲ ထွက်လာခဲ့တာ။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ထိုးထိုးထောင်ထောင်နဲ့။



www.burmeseclassic.com

www.burmeseclassic.com



သေချာပါပြီ။ ဘန်ကောက် လေဆိပ်တို့၊ စိန်ပေါလ် လေဆိပ်တို့ တုန်းကလိုပဲ။ အကြမ်းဖက်သမား ထင်ခံရပါပြီ။

'ကားလိုင်စင် ရှိသလား'

(သူရို့ဆီမှာ ကားလိုင်စင်က မှတ်ပုံတင်ထက် အရေးကြီးတယ်)။

'ငါ့မှာ ကားမှ မရှိတာ'

'အမေရိကန်နိုင်ငံသား မဟုတ်ဘူးလား'

'ငါ မြန်မာ'

'ဘာ'

'ဗမာ'

'ဘာ'

'အရှေ့တိုင်းသားကွ'

'တူးရစ်လား'

'မဟုတ်ဘူး၊ အလုပ်နဲ့လာတာ'

'ဘာအလုပ်လဲ'

'စာပေဆွေးနွေးပွဲ'

'အဓိပ္ပာယ်မရှိပြန်ဘူး၊ ပတ်စ်ပို့ပြပါ'

'ပါမလာဘူး၊ အဆောင်မှာ ကျန်ခဲ့တယ်'

'ဘယ်အဆောင်လဲ'



www.burmeseclassic.com

www.burmeseclassic.com



'အိုင်အိုဝါ တက္ကသိုလ် ညှော့ရိပ်သာ'

'ဘာသက်သေ ပြနိုင်သလဲ'

မြတ်စွာဘုရား။ ဒီတော့မှ ကြက်သီး ထမိတော့တယ်။ ဒါနဲ့ အိတ်တွေထဲ လျှောက်စမ်းတော့ ကံကြီးလိုက်တာ။ ဘယ်လိုက ဘယ်လို ဆောင်းဘီနောက် အိတ်ကပ်ထဲ ပါလာမှန်းမသိတဲ့ 'စာပေ ဆွေးနွေးပွဲ ဖိတ်ကြားစာ' ဒါနဲ့ အဲဒီ ကတ်ပြား ထုတ်ပြလိုက်တော့။ ငနဲသား မျက်နှာကြော လျော့သွားတယ်။ သေသေချာချာ စစ်ဆေး တယ်။

'စာရေးဆရာလား'

'အေး'

'ကားပေါ်တက်ပါ'

'ဟာ– ဘာဆိုင်လို့လဲ'

'တက်မှာသာ တက်ပါ'

နောက်ဆုံး မတတ်သာတော့ဘူး။ ရဲစခန်း ရောက်မှ တက္ကသိုလ်ကို လှမ်းအကြောင်းကြားတော့မယ်ဆိုပြီး ရဲကားပေါ် တက်လိုက်ခဲ့ရပါတော့တယ်။ တထိတ်ထိတ်နဲ့ပေါ့။ ဒီစာဖတ်နေသူ ဘယ်လို ထင်မလဲ။ သုမောင်ကြီး ရုံးရောက် ဂတ်ရောက် ဖြစ်ပြီ ထင်မှာပဲ။ မဟုတ်ပေါင်ဗျာ။

ကျွန်တော် တည်းခိုတဲ့ ညှော့ဂေဟာကို တကူးတက လိုက်ပို့ ရှာတာပါဗျ။

ရန်အောင်စာပေ–၂

www.burmeseclassic.com

www.burmeseclassic.com



အောင်မယ်။ ကားပေါ်က ဆင်းတော့ လက်ပြ နှုတ်ဆက်ရင်း မှာတောင် မှာလိုက်သေးတယ်။ 'ဒီရက်ပိုင်း တစ်ယောက်တည်း လျှောက်လျှောက် မသွားပါနဲ့' တဲ့။ 'အန္တရာယ် များတယ်'တဲ့။

ဘာအန္တရာယ်လဲ။ အမေရိကားမှာ နံနက်ခင်း တစ်ယောက်တည်း လမ်းလျှောက်တာ အန္တရာယ် ရှိသတဲ့လား။ သိပ်လုံခြုံတဲ့ နိုင်ငံဆို။

ဒီလိုပဲ ထင်လိုက်တာပေါ့။

ဒါပေမယ့်... ဟော ဘာကြားလိုက်မလဲ၊ ၂၀၀၁ စက်တင်ဘာ ၁၁ (၉/၁၁) ပေါ်ခဲ့ပါရော မဟုတ်လား။

❖



www.burmeseclassic.com

www.burmeseclassic.com

## အမေရိကန်ကျောင်းသား

အမေရိကားက ဆေးရုံပေါ်မှာ အသားလွတ် တက်နေရတဲ့ အတော အတွင်းမှာပဲ ၉/၁၁ ခေါ်တွင်တဲ့ နယူးယော့ခ်က ကုန်သွယ်ရေး အမြွာမျှော်စင် ညီနောင်ကို အကြမ်းဖက်သမားတွေ တိုက်ခိုက်တာ ခံရတာပါပဲ။ မှတ်မှတ်ရရ (၁၁–၉–၂၀၀၁)ပေါ့။

အဲဒီအချိန်မှာ ကျွန်တော် လူနာများ နားနေဆောင်မှာ တီဗီ ထိုင်ကြည့်နေတာပါ။ တခြား လူနာတွေလည်း ရှိနေကြပါတယ်။ တီဗီက လေယာဉ်နှစ်စင်းနဲ့ အမြွာမျှော်စင်ညီနောင်ကို ဝင်တိုက်၊ မျှော်စင်ကြီးတွေ ပြိုကျမြေခတဲ့ အရုပ်တွေ ပေါ်လာတော့ အခြား လူနာတွေနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေက 'ဟာ'ခနဲ ဖြစ်သွားပါ တယ်။ တအံ့တဩပါပဲ။ တချို့လည်း ဘုရားတကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ဆို 'ဟီး'ချပြီး ငိုကြွေးကြပါတယ်။ ကျွန်တော်ကတော့ သိပ်မထူးဆန်းသလိုပဲ ဖြစ်နေပါတယ်။ ကျွန်တော့် စိတ်ထဲ ကမ္ဘာကျော် ထူးဆန်းထွေလာတွေ ရိုက်ကူးတဲ့ ဒါရိုက်တာ စပီးစ်ဘတ်ကလည်း အံ့ဖွယ်သရဲတွေ ရိုက်တဲ့သူကိုး။

ဒီလို ဖြစ်ရတာက ကျွန်တော့်ရဲ့ နားကျန်းမာရေးကြောင့်ပါပဲ။ ဖွင့်ထားတဲ့ တီဗီက လွှင့်ထုတ်နေဆဲ အသံက အများကြားသာရုံ ခပ်တိုးတိုးလေးပါ။ ကျွန်တော်က လုံးဝ မကြားရပါဘူး။ ဒီတော့ ၉/၁၁ ကိစ္စ ရုပ်သံက လွှင့်တာကို သတင်းလို့ မထင်ဘူးပေါ့။ နောက်မှ ကိုယ့်နံဘေးက လူတွေ လှုပ်လှုပ်ရွရွဖြစ်ကြတာ၊ ငိုကြယိုကြတာ ကြည့်ပြီး ရင်းနှီးနေတဲ့ သူနာပြု ဆရာမလေးကို လက်တို့မေးတော့မှ မြတ်စွာဘုရား တကယ်ပဲ အကြမ်းဖက် တိုက်ခိုက်ခံရပြီဆိုတာ သိရပါတော့တယ်။ ဟုတ်ပ။ အမေရိကန် ဆိုတာက လေထိတောင် မခံတဲ့ အလွန် လုံခြုံစိတ်ချရတဲ့ နိုင်ငံကြီးကိုး။ အခုတော့ အလစ် တိုက်ခိုက်ခံရပြီမို့ ဘာများ ကော တတ်နိုင်ပါဦးမလဲ။

ဒီလိုနဲ့ပဲ ရက်ပိုင်း အကြာမှာ ကျွန်တော် ဆေးရုံက ဆင်းရပါတယ်။ နဂိုကမှ ဘာမှ မဖြစ်ဘဲ ဆေးရုံ တက်ရတာဆိုတော့ သိပ် မထူးလှပါဘူး။ ထူးတာက သူများတကာတွေ ဆေးရုံတက် ဆေးစစ်ဖို့ အင်မတန် ခဲယဉ်းတဲ့ အမေရိကန် ဆေးရုံမှာ အခမဲ့ ဆေးစစ် ခံလိုက်ရတာပါပဲ။ (ကုန်ကျငွေ ဒေါ်လာ ၃၉၀၀ ကျော်ကို အိုင်အိုဝါ တက္ကသိုလ်က ကျခံတာပါ။)



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက် ထူးခြားတာက ဆေးရုံ ဆင်းမယ့်နေ့မှာ ဆေးရုံထဲက တရားရုံးရောက်ခဲ့တာပါပဲ။ ဒါပေမယ့် တရားသူကြီးက ကျွန်တော့်ကို ဘာမှ မစစ်ဆေးဘဲ ကျွန်တော့်ကို ကုတဲ့ ဆရာဝန်နဲ့ ပြုစုတဲ့ သူနာပြုကို ကျမ်းကျိန်ခိုင်းပြီး စစ်ဆေးတာပါ။ သဘောကတော့ ဒီလူနာ အမေရိကားမှာ ရှိနေသမျှ ကာလပတ်လုံး အဲဒီဆရာဝန်နဲ့ သူနာပြုရဲ့တာဝန်ဆိုပါတော့။ ဩော်... ညှို့သည့်သူနာကို ဂရုစိုက်လိုက်ပုံများ ပြောပါတယ်။

ဆေးရုံကဆင်းတော့ တည်းခိုခဲ့တဲ့ 'အိုင်အိုဝါရိပ်သာ'ကနေ ကျွန်တော့်ကို မြို့လယ်က ဟိုတယ်ကြီး တစ်ခုမှာ နေရာ ချထားပါတယ်။ ကမ္ဘာကျော် ရှာရေတန် ဟိုတယ်ကြီးမှာပါ။ အဲဒီမှာ ကျွန်တော့်ကို အမေရိကန်လူငယ်လေး တစ်ယောက်နဲ့ အတူထားပါတယ်။ ကောင်လေး နာမည်က JIM တဲ့။ ကျွန်တော်က ကိုယ့်ဝါသနာပေါ် အရင်းတည်ပြီး သူ့ကို JIN လို့ (အရက်နာမည်) ခေါ်ပါတယ်။ JIM က တက္ကသိုလ် ကျောင်းသားလေးပါ။ စာရေးဆရာ ဇေဒ နောက်ဆုံးနှစ် ကျောင်းသားလေးပါ။ ကျွန်တော့်နားမှာ နေပြီး စာရေးဆရာနဲ့ စာပေတွေကို လေ့လာပါတယ်။ ရယ်စရာ ပြောရဦးမယ်။ JIM တော်တော် ချောတဲ့ ချာတိတ်ပါ။ ပြီးတော့ ခန္ဓာကိုယ် ထွားကျိုင်းပေမယ့် နည်းနည်း နွဲ့ပါတယ်။ ဒီတော့ အတူသွား ဖြစ်ကြတဲ့အခါ ဆရာမ မြနှောင်းညိုနဲ့ အီတာလျှံ စာရေးဆရာမတို့က 'ဆရာသု သတိထားဦး အခြောက်ကလေးဖြစ်နေဦးမယ်'လို့ ပြောကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ JIM ဟာ ယောကျ်ား ပီပီသသပါပဲ။ တစ်ခုရှိတာက သူဟာ အမေရိကန် မဆန်ဘဲ အရှေ့တိုင်း ဆန်နေတာပါ။ အနေအထိုင် ရိုးသလို သိမ်မွေ့နူးညံ့တဲ့ သူငယ်လေးပါ။ သူက အရှေ့တိုင်း ရုပ်ရှင်တွေနဲ့ ယဉ်ကျေးမှုကို ကြိုက်နှစ်သက်ကြောင်း ပြောပြောနေတတ်ပါတယ်။

"တရုတ်ဇာတ်ကားတွေထဲမှာ ရှင်ဘုရင် ဧကရာဇ်ကလည်း သူ့အမေ ရှေ့မှာ ဒူးထောက်တယ်နော်"တဲ့။

"ကိုရီးယားဇာတ်ကားတွေမှာ သားသမီးတွေဟာ မိဘနဲ့ တရင်းတနှီး နေပြီး မိဘကို သိပ် ရိုသေတယ်နော်" တဲ့။

ဒါဟာ အမေရိကန်စစ်စစ် ကလေး တစ်ယောက်ရဲ့ စကားတွေပါ။ ကျွန်တော်တို့ မြန်မာလူငယ်တွေ ကိုရီးယား ဇာတ်လမ်းတွဲတွေ စွဲလမ်းတာနဲ့ ပုံစံချင်း ကွာခြား မနေဘူးလား။ တကယ်တော့လည်း အနောက်တိုင်းက အရှေ့တိုင်းကို လေးစားသလို အရှေ့တိုင်းက အနောက်တိုင်းကို အထင်ကြီးတာဟာ မဆန်းကြယ်တဲ့ လူ့သဘာဝပဲ ထင်ပါရဲ့။ JIM နဲ့ အတူနေတုန်း စိတ်ဝင်စားစရာကောင်းတဲ့ သူရို့ တက္ကသိုလ် ကျောင်းသားတွေရဲ့ ရေဆုံးရေဖျားလိုက်တတ်တဲ့ သဘာဝကို တွေ့ရပါတယ်။ တစ်နေ့ သူ ခေါ်သွားလို့ သူ့အိမ်ကို လမ်းလျှောက် သွားခဲ့ကြပါတယ်။ ကြားဖြတ်ပြီး သုမောင်ရဲ့ သဘာဝကို ပြောရပါဦးမယ်။ လမ်းလျှောက် သွားရင်း တစ်နေရာ ရောက်တော့ မျက်မမြင် အဘွားအို တစ်ယောက်ဟာ လမ်းပြ ခွေးနဲ့ လမ်းလျှောက်လာတာ မျက်နှာချင်းဆိုင် တွေ့ရပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီအချိန်မှာ ခွေးဟာ လမ်းဘေးက မြက်ရေဖျုန်းတဲ့ တိုင်ဆီ ပြေးပြီး ရှူးရှူး ပန်းပါတော့တယ်။ အဘွားကြီးဟာ ဟပ်ထိုး ဟပ်ထိုးနဲ့ ခွေးဆွဲရာနောက် ပါသွားတော့ လဲမလို ဖြစ်သွားပါတယ်။ ဒီမှာ ကျွန်တော်က မြန်မာပီပီ ပြေးတဲ့ပြီး ဖေးမ ကူညီပါတယ်။ အဘွားကြီးက Thank You လို့ ပြောရှာပါတယ်။ ဒါပေမယ့် JIM ကတော့–

"ဆရာ့ကို ဘုရားသခင် ကယ်မတာပဲ၊ တကယ်တော့ ဆရာ့ လုပ်ပေါက်ဟာ သူ့ရဲ့ သိက္ခာကို စော်ကားတာဆိုပြီး တရားစွဲနိုင်ပါတယ်"တဲ့။ ဟုတ်ပါရဲ့။ သူဟာ မျက်မမြင်ဆိုပေမယ့် သူ့မှာ လမ်းပြခွေး ပါတယ်။ သူ့မှာ သိက္ခာ ရှိတယ်ပေါ့။ ကူညီတဲ့ ကျွန်တော်ကပဲ သူ့ကို စော်ကားရာ ရောက်တယ်ပေါ့။ အောင်မယ်လေး အဲဒီတစ်ချီလည်း ကံသီပေလို့။

JIM ရဲ့ အိမ်ကလေးဟာ ချစ်စရာလေးပါ။ သူကိုယ်တိုင် ဆောက်ထားတာတဲ့။ အုတ်အကျိုးအပဲ့တွေ၊ သံတိုသံစတွေ၊ သွပ်ပြား အတိုအစတွေနဲ့ လက်လုပ် ဆောက်ထားတာပါ။ အဲဒါ JIM က သူ့အိမ်လေးအကြောင်း မြန်မာလို စာတစ်ပုဒ် ရေးပေးပါလို့ တောင်းဆိုပါတယ်။ ကျွန်တော်ကလည်း ရေးပေးပါတယ်။ ကျွန်တော် ရေးနေတဲ့အချိန်မှာ JIM ဟာ စာရွက်ကို မမှိတ်မသုန် လိုက်ကြည့်နေခဲ့ပါတယ်။ စာလည်းဆုံးရော မေးတော့တာပါပဲ။

"ကျွန်တော် နိုင်ငံခြားစာလုံးတွေ တွေ့ဖူးပေါင်းများပြီ၊ အားလုံး အဝိုင်းကြီးပဲ ဖြစ်နေတာ မြန်မာစာ တစ်ခုပဲ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဘာကြောင့်လဲ”တဲ့။ ဟိုက် ဒုက္ခပါပဲ။ ဒါကြောင့် ကိုယ်က ဆရာ နေရာကဆိုတော့ ဟန်ကိုယ့်ဖို့ လုပ်ရတယ်။ (ပုဂံခေတ် အုတ်ခွက်ကျောက်စာတွေ ရှင်းနေလည်း သူနားလည်မှာ မဟုတ်) ဒါကြောင့် တို့မြန်မာစာက ကမ္ဘာရယ်၊ နေရယ်၊ လရယ်ကို ကြည့်ပြီး တီထွင် ထားတာ။ ဒါကြောင့် အဝိုင်းတွေချည်း ဖြစ်နေတာ”လို့ ဖြီးရပါတယ်။

ဒါတောင် သူက–

“ဘာကြောင့် လက်ယာရစ်ချည်း ရေးရတာလဲ” တဲ့။

“ဟာ– နာရီလက်တံ လည်သလို ပေါ့ကွာ” လို့ ထပ်ပြီး လိမ့်ရပါတော့ တယ်။

ပြောချင်တာက သူရို့ တက္ကသိုလ်ကျောင်းသားတွေဟာ ရေဆုံးရေဖျား လိုက်ပြီး လေ့လာတတ်တယ် ဆိုတာပါပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com

# အမေရိကန်နိဂုံး

"တော်ပါတော့ ဒီအမေရိကန် အကြောင်း"

ဆေးရုံက ပြောသောစကား ဖြစ်ပါတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ အမေရိကန် အကြောင်း ရေးတာ လေးငါးခြောက်ပတ် ရှိသွားပြီဆိုတော့ သူလည်း ဖတ်ရတာ ငြီးငွေ့သွားပုံ ရပါတယ်။ ကျွန်တော်လည်း ရေးရတာ ညည်းလာပါပြီ။ ဖတ်သူလည်း ညည်းလိမ့်မည် ထင်ပါတယ်။

နောပေတဲ့ အမေရိကား သွားပြီး ဟိုက မိုးမျှော်တိုက်တွေ၊ ကားတွေ၊ မြေအောက်ရထားတွေ၊ ထူးဆန်းထွေလာတွေ၊ တိုးတက်တာတွေ စတာတွေ ရေးတာမှ မဟုတ်ပါပဲ။ ကုန်ကုန် ပြောမယ်။ ဟိုမှာ သွားရင်း ကိစ္စဖြစ်တဲ့ စာပေဆွေးနွေးပွဲအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မရေးခဲ့ပါဘူး။ ပြောခဲ့ပါပကော။ ကမ္ဘာကြီးက ပြားနေပြီ။ ကမ္ဘာ့ရွာကြီး ဖြစ်နေပြီလို့။ ဘာမှ မထူးဆန်းတော့ ပါဘူးလို့။

ဒီတော့ ကျွန်တော် ဘာတွေ ရေးခဲ့သလဲ။ အမေရိကား ရောက် မြန်မာ တစ်ယောက်ရဲ့ ခနိုးခနဲ့ ကိစ္စတွေသာ ရေးခဲ့တယ်။ ဘာပဲဖြစ်ဖြစ် လူဆိုတာက တစ်စုံတစ်ရာကို ကြာကြာ နားထောင် ရရင် ညည်းငွေ့တတ်တာ ဓမ္မတာပါ။ ဒါကြောင့် အမေရိကန် အကြောင်း နိဂုံးချုပ်ပါ့မယ်။

၉/၁၁ ကိစ္စပေါ်ပြီးတော့ ဟိုက လေကြောင်းလိုင်းတွေ အကုန် ရပ်ကုန်ပါတယ်။ ပြည်တွင်းရော ပြည်ပရောပါ။ ဒီတော့ ဘယ်မှ သွားလို့လာလို့လည်း မဖြစ်နိုင်တော့ပါဘူး။ မြန်မာပြည် ပြန်ရုံ ရှိတာပဲပါပဲ။ ပြန်ဖို့ဆိုတာကလည်း ပြည်ပ လေကြောင်းတွေ မထွက်သေးဘူး။ ကြောက်နေကြတယ်။ ဒီကြားထဲ 'ဒေါင့်သန်း' ပိုး စာအိတ်တွေကလည်း တစ်နိုင်ငံလုံး ပလူပျံနေတော့ တထိတ် ထိတ်ပေါ့။ အသာ ကုပ်နေပြရပါတယ်။ ကျွန်တော်ကလည်း ပြန်ချင်လှပြီ။ အမေ့ ကျန်းမာရေးရော၊ သမီး ကျန်းမာရေးရော ကြောင့်ပါ။

ဒီလိုနဲ့ သူ့ရဲကောင်း လေကြောင်း ပေါ်လာပါတယ်။ တရုတ်လေကြောင်းပါ။ သူကတော့ သတ္တိကောင်းတယ်။ ဒါနဲ့ ကျွန်တော်လည်း အဲဒီလေကြောင်းနဲ့ပဲ ပြန်မယ် စီစဉ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခါနီးတော့ ကျွန်တော် စာတမ်း ဖတ်ရပါတယ်။ THU MAUNG NIGHT ဆိုပြီး လုပ်ပေးပါတယ်။ ဖတ်တဲ့စာတမ်းက သိပ်တော့ အလေးအနက်ကြီး မဟုတ်ပါဘူး။

အကျဉ်းချုပ်ကတော့–

"ကျွန်တော်က ငယ်ငယ် မူလတန်းကျောင်းမှာ စာသင်တော့ လက်ရေး သေးတဲ့ ဆရာတွေရဲ့ စာလုံး အရေအတွက်က ကျောက်သင်ပုန်းပေါ် နေရာ ပိုဆံ့တယ်။ လက်ရေးကြီးတဲ့ ဆရာတွေရဲ့ စာလုံး အရေအတွက်က ကျောက်သင်ပုန်းပေါ် နေရာ နည်းနည်းပဲ ဆံ့တယ်။ ဒါကိုကြည့်ပြီး သေးလေသေးလေ နေရာ များများယူလေ၊ ကြီးလေကြီးလေ နေရာ နည်းနည်းပဲ ယူလေဆိုတဲ့ အတွေးလေး ခေါင်းထဲ ဝင်လာတယ်။ လောကကြီးမှာ အသေးငယ်ဆုံး အရာတွေကို ရှာဖွေ တင်ပြတာဟာ ဝတ္ထုပဲလို့ နောင်တစ်ချိန်မှာ ကျွန်တော် သဘောပေါက်လာတယ်။

ဥပမာ အနေနဲ့ ဝတ္ထုတစ်ပုဒ် ထုတ်ပြမယ်။ ကျွန်တော့် ဖခင်ဟာ အိမ်ထောင် နှစ်ဆက်ကျခဲ့တယ်။ ဒါပေမယ့် သူဟာ အိမ်ထောင်ရေး ပြုပြင်ရေး စာပေ ရေးတယ်။ ဒါ ဘာကြောင့်လဲလို့ ကျွန်တော် သိချင်လို့ အဖေ့ဆီသွားတယ်။ ဒီမေးခွန်းကို မေးဖို့ပါ။ ဒါပေမယ့် အဖေ မရှိဘူး။ ဆံပင် သွားညှပ်နေတယ်။ ကျွန်တော် ထိုင်စောင့်နေတယ်။ အဖေ ပြန်လာတော့ ဆံပင် ညှပ်မလာရ သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အဖေ ဆံပင် သွားညှပ်တယ်ဆို"

"အေးကွ ဆံပင်ညှပ်ဆရာ ဆံပင် သွားညှပ်နေလို့ ငါ့ဆံပင် မညှပ်ခဲ့ရပါဘူး"

ကျွန်တော် မေးစရာ ဘာမှ မလိုတော့ပါဘူး။ ဆံပင်ညှပ်ဆရာဟာ သူ့ဘာသာသူ ဆံပင်ညှပ်လို့ မရပါဘူး။ ဒါဟာ ကျွန်တော် မေးချင်တဲ့ အဖြေပါပဲ။

ဒါလေး ဥပမာပြပြီး ကျွန်တော် စာတမ်း ဖတ်ပါတယ်။ သူရို့ သိပ် သဘောကျ သွားကြတယ်။ ချက်ချင်းပဲ ဂြိုဟ်တုကို ကျွန်တော့် စာတမ်း တင်တယ်။

ထူးခြားတာက ကျွန်တော့် စာတမ်း ဆုံးတော့ မေးခွန်း မေးစရာ ရှိပါသလားလို့ ကျွန်တော်က မေးတယ်။ အားလုံး တစ်ပြိုင်နက် ထွက်လာတာက "သီချင်း ဆိုပြပါ"တဲ့။ မှတ်ကရော ပါပဲ။ ဩော် သူရို့လည်း စာရေးဆရာတွေပဲ။ အပျင်းပြေ သီချင်း နားထောင်ချင်ကြမှာပေါ့။

ဒါနဲ့ ကျွန်တော်က မြန်မာသီချင်း မြန္မာ ဆိုပြရပါတယ်။ မြနှောင်းညိုက ကတယ်။ စာရေးဆရာတွေက လက်ခုပ်တီးတယ်။ စာရေးဆရာမတွေက ဂါဝန်ကြီးတွေနဲ့ ကကြပါတယ်။

အမေရိကန်က အပြန်ခရီးမှာ ရယ်စရာ မောစရာလေး ဖြစ်ခဲ့ပါသေးတယ်။ ဒီလိုပါ။ တရုတ်(တိုင်ပေ) လေယာဉ်ပျံနဲ့ ပြန်လာရာမှာ လေယာဉ်က နည်းနည်း စုတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိုင်ရတာက သုံးခုံတန်းရဲ့ မင်းလမ်းမှာပါ။ ကျွန်တော် နားမှာက တရုတ်ကလေး တစ်ယောက်။ သူ့ရဲ့ ဟိုဘက် ပြတင်းပေါက်ခုံကျ ကျိုးနေတယ်။

ထုံးစံအတိုင်း လေယာဉ်ပေါ် ရောက်တော့ ကျွန်တော်က သောက်ချင်လာတယ်။ ဒါနဲ့ လေယာဉ်မယ်လေးကို တစ်ခွက် တောင်း သောက်လိုက်တယ်။ မဝဘူး။ နောက် လေယာဉ်မယ် လေး ဆီက နောက်တစ်ခွက် ထပ်တောင်းတယ်။ မဝဘူး။ နောက် ဆုံး လေယာဉ်မယ်လေးဆီက နောက်တစ်ခွက်၊ မဝပြန်ဘူး။

ကျွန်တော်က လူကြီးလူကောင်းလို ဝတ်စားထားတာ ဆိုတော့ ခဏခဏ တောင်းလို့မကောင်းဘူး။ ဒါနဲ့ အကြံ ထုတ်ရတော့တယ်။ ဘေးက တရုတ်လေးကို စည်းရုံးရတယ်။

"မင်း အရက်သောက်သလား"

"မသောက်တတ်ဘူး"

"ငါ့အတွက် မှာပေးနိုင်မလား"

"အိုကေ"

ဒီလိုနဲ့ ကောင်လေး မှာပေးတဲ့ သုံးခွက်ရတော့ နေသာ ထိုင်သာ ရှိသွားတယ်။ ဒီလိုနဲ့ လေယာဉ် ပျံသန်းလာလိုက်တာ ဘယ့်နှယ်ကဘယ်လို ဖြစ်သွားတယ်မသိဘူး။ တရုတ်ကလေးက သူ့နံဘေးက ကျိုးနေတဲ့ခုံ (ခုံကိုမရှိတာ) နေရာက ကျောတစ်ခင်း စာ နေရာလွတ်နေတော့ ငနဲက(ချာတိတ်ပါ) အဲဒီ နေရာလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ခွေခွေလေး အိပ်နေပါလေရော။ ကောင်လေးက ပင်ပန်းရှာလို့ ထင်ပါရဲ့။ အဲဒီမှာ တရုတ်လေယာဉ်မယ်က–

"ထစမ်း ထစမ်း"ဆိုပြီး ကောင်လေးကို အော်ပါတော့ တယ်။ သဘောကတော့ လူကြီးလူကောင်း တစ်ယောက် (ကျွန်တော့်ကို ရည်ညွှန်းတာပါ) ရှေ့မှာ တရုတ်အမျိုးသား တစ်ယောက်ဟာ ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်ရသလားလို့ သူရို့ တရုတ်အမျိုးသားချင်း ရိုင်းပင်းဆုံးမတဲ့ သဘောပဲ။ အမှန်မှာ တရုတ် ကလေးက တစ်စက်လောက်တောင် သောက်ရတာ မဟုတ်ပါဘူး။ သူ့ခမျာ ကျွန်တော့်အတွက် ယူယူပေးရရှာတာပါ။

တရုတ် လူငယ်လေးဟာ တစ်လမ်းလုံး လေယာဉ်မယ်ရဲ့ အဟောက်ကို ခံခဲ့ရတာ။ တရုတ်(တိုင်ပေ)မှာ သူ ဆင်းသွားတဲ့ အထိပါပဲ။ လေယာဉ်မယ်ကလည်း ကျွန်တော့်ကို အမျိုးမျိုး တောင်းပန်နေရှာပါတယ်။ အင်း အဖြစ်ကို သူ မသိရှာဘူးနော်။

ဒါနဲ့ပဲ အမေရိကန်ခရီး ဆုံးပြီး ရန်ကုန်ကို ကျွန်တော် ပြန်ရောက်ခဲ့ပါရော။

❖



www.burmeseclassic.com

www.burmeseclassic.com

## မလေးရှားပွဲမဟာ

ဒီလို ခေါင်းစဉ် တပ်လိုက်လို့ ကြီးကျယ်တဲ့ပွဲ မထင်ကြပါနဲ့။
အကြီးအကျယ် ကွဲတာလေး ပြောချင်လို့ပါ။

၂၀၀၄ တုန်းက မလေးရှား သွားပါတယ်။ 'သုမောင်'ကို
တက်ပြီ ဆိုကတည်းက မြန်မာသံပွဲဆိုတာ သိပါပြီ။ ထူးခြားတာက
ရိုးရိုး မြန်မာသံ မဟုတ်တာပါပဲ။ မြန်မာသံမှ ဆိုင်းဝိုင်းကြီးနဲ့ကို
သွားကြတာပါ။ (မွန်ပြည်နယ် ကိုကိုနိုင်ရဲ့ ရွှေမင်္ဂလာဆိုင်းတော်
ကြီးနဲ့) ဖော်ဝမ်းလည်း ပါတယ်။ မြန်မာသံ အဆိုကျော် တော်တော်
များပါတယ်။ ဆိုင်းနောက်က လူရွှင်တော်တွေ အဖြစ်နဲ့က ကုသိုလ်
နဲ့ ဦးစိန်ရိုးပါ။

သိတဲ့အတိုင်း မြန်မာ့ဆိုင်းဝိုင်းဆိုတာက တယ်ပြီးပရွေပြီး



www.burmeseclassic.com

www.burmeseclassic.com



စုံလင်တာကိုး။ ဒီပစ္စည်းတွေ လေယာဉ်နဲ့ သယ်ရတာ ဘယ်လောက် ကရိကထ များမလဲ။ ဒါပေမယ့် ပွဲကန်ထရိုက် (တရုတ်) က ဆိုင်းမှ ဆိုင်းသမားဆိုတော့ ကုန်ချင်သလောက် ကုန်ပါစေပေါ့။

ဒီမှာကွင် ကြားဖြတ် ပြောစရာပေါ်လာပါတယ်။ လေယာဉ်ပေါ် ရောက်လို့ နေရာထိုင်ခင်းတွေလည်း ချရော ဟော နောက်က ထပ်တက်လာကြသူတွေက ဇော်ဝင်းထွဋ်တို့ အင်ပါယာ အဖွဲ့ပါလား။ သူရို့ကတော့ ဂစ်တာလေးတွေ ကိုယ်စီလွယ်လို့။ လေယာဉ်တစ်စင်းထဲမှာ တစ်ခရီးတည်းသွားမယ့် ဂီတနှစ်ဖွဲ့။ တစ်ဖွဲ့က မြန်မာသံ မြန်မာဆိုင်း။ တစ်ဖွဲ့က ခေတ်ပေါ်။ ကြည့်စမ်း။ ဆန့်ကျင်ဘက်တို့ လှပစွာ ပေါင်းဆုံပုံများ ပြောပါတယ်။ အားလုံးပျော်ပျော်ပါးပါး။

ဒီလိုနဲ့ မလေးရှားလေဆိပ် ရောက်ရော ဆိုပါစို့။ ဒီမှာတွင် ကွာခြားတာလေး ပေါ်လာတော့တာပါပဲ။ တခြား ဟုတ်ပါရိုးလား။ လူဝင်မှုကြီးကြပ်ရေး ဂိတ်မှာပေါ့။ ကျွန်တော်တို့အဖွဲ့ အစစ်ဆေးခံကြရပါတယ်။ တော်တော်နဲ့ မလွတ်ဘူး။ အထူးသဖြင့် မြန်မာဆိုင်းဝိုင်းပစ္စည်းတွေကို 'ဘာတွေလဲ၊ ဘာကြီးလဲဟ'ဆိုတဲ့ သဘောနဲ့ အသေအချာ စစ်နေတော့တာပါ။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ သူရို့မှ မြန်မာ့ဆိုင်းဝိုင်းကို မမြင်ဖူးတာကိုး။ အေး မယ် ဇော်ဝင်းထွဋ်တို့ အဖွဲ့ကျတော့ တစ်ချက်ကလေးပဲကြည့် သွားပါတော့တဲ့။ သူရို့အရာရှိတွေကတောင် အဆိုတော်အဖွဲ့လား



www.burmeseclassic.com

www.burmeseclassic.com



ဂီတအဖွဲ့လားဆိုတဲ့ သဘောနဲ့ ပြုံးပြီး လက်ဟန်ခြေဟန် ပြလိုက်ကြသေး။ ကျွန်တော်တို့အဖွဲ့ကတော့ ငုတ်တုတ်။ အပြစ်ပြောတာမဟုတ်ပါဘူး။ ကွာခြားပုံလေး ပြောတာပါ။

မလေးရှားမှာ ၂ ပွဲ ဖျော်ဖြေရမှာပါ။ 'ပီနန်' တစ်ပွဲ။ 'ကွာလာလမ်ပူ' တစ်ပွဲ။

ပြောချင်တာက ကျွန်တော်တို့အဖွဲ့ နှစ်ပွဲလုံး ဟက်တက်ကွဲတာပါပဲ။ ဖြစ်ပုံက ဒီလိုပါ။ ဟိုက မြန်မာတွေက မြန်မာသံမကြိုက်လို့ မဟုတ်ပါဘူး။ အထူးသဖြင့် မကြားရတာကြာပြီဖြစ်တဲ့ မြန်မာ့ဆိုင်း ပိုပြီးကြိုက်မှာပါ။

ပြဿနာက ဖျော်ဖြေရတဲ့ ရက်ပါ။

ကန်ထရိုက်က ပွဲကို တရုတ်နှစ်သစ်ကူးနဲ့ တိုက်ပြီး စီစဉ်ပါတယ်။ အများပြည်သူ အလုပ်အားရက်မို့ ပွဲစည်အောင်လို့ပါ။ နော့ပေတဲ့ သူ့အတွက် ကွဲသွားပါတယ်။ သူ့ရို့ဆီက တရုတ်နှစ်သစ်ကူး အလုပ်ပိတ်ရက်ဆိုတာက ၁၀ ရက် ၁၅ ရက် ရက်ရှည်ကြီး ပိတ်တာပါ။ ဒီတော့ ဟိုကမြန်မာတွေ မြန်မာပြည် ပြန်သူပြန်၊ စင်ကာပူသွားလည်သူလည် ဖြစ်နေကြလေတော့ တရားဝင် မြန်မာအလုပ်သမားတွေ မလေးရှားမှာ အလွန်နည်းပါးနေချိန် ဖြစ်သွားပါတယ်။ ဒီတော့ မြန်မာ့ဆိုင်းနဲ့ ဖျော်ဖြေပွဲကြည့်မယ့်သူ ရှားပါးသွားတာပေါ့။

ဒီလိုနဲ့ တကူးတကန့် စီစဉ်ထားတဲ့ မြန်မာ့ရွှေဆိုင်းတော်မင်္ဂလာပွဲကြီးတွေဟာ ပရိသတ် မရှိသလောက်နဲ့ ဟာ(ဟ)တက်



www.burmeseclassic.com

www.burmeseclassic.com



ကွဲတော့တာပါပဲ။ ပြီးတော့ ပွဲကျင်းပတဲ့ နေရာလည်း ကြည့်ဦး။ စင်ပဲရှိတယ်။ ပရိသတ်အတွက် ကုလားထိုင် မရှိဘူး။ မတ်တတ်ရပ် ကြည့်ကြရတာ။ အဲဒီမှာ လာသမျှ ပရိသတ်ကလည်း အားလုံးလိုလို မူးနေကြလေရဲ့။ စင်ပေါ်က နတ်ဒိုးကို မြိုင်မြိုင်ဆိုင်ဆိုင် တီးကြ၊ ဆိုကြ၊ အောက်က ပရိသတ်က မူးမူးနဲ့ ဟာစ်ဟော့ပ်ရက်ပ် ကကြ ဖြစ်ကုန်ပါလေရော။

ဒီနေရာမှာ ထူးခြားတာလေး ပြောပါရစေ။ တော်တော်ထူးခြားတာပါ။ ကျွန်တော်တို့အတွက် ညကြေးက သတ်သတ်ပါ။ ဆုတော်ငွေက သတ်သတ်ပါ။ အဲဒီမှာ ကျွန်တော်နဲ့ ဇော်ဝမ်း တစ်စခန်း ထကြပါရော။ ဒီလိုပါ။ ဒီပရိသတ် ပုံစံနဲ့ ဆိုရင် စင်ပေါ်က အဆိုကျော်က မြူးမြူးကြွကြွ ဆိုပါမှ ဆုတော်ငွေက လာမှာကိုး။ ပြဿနာက ကျွန်တော်က အငြိမ် အဆိုသမား၊ ဇော်ဝမ်းက သကြ်န်မင်းသား။ ဒီတော့ ချချင်းချ ဆုတော်ငွေ သူ့ချကြမှာပေါ့။ အဲဒီအခါ သူနဲ့ ကျွန်တော် ဆွေးနွေးရပါတယ်။ ဆုတော်ငွေ ဆိုတာက ပထမ ဆိုတဲ့သူကို အချများတာကိုး။

"ဘိုသု မောင်ရင် အရင်ဆို၊ ဒါမှ ဆုတော်ငွေလေး ဘာလေး ရမှာ။ ငါက သကြ်န်သီချင်းတွေနဲ့ အပီတွတ်မှာဆိုတော့ မောင်ရင် ပြီးမှ ဆိုမယ်။ ငါ့အတွက် ဆုတော်ငွေက ပစ်မလွဲဘူး" လို့ ဇော်ဝမ်းက စေတနာစကား ဆိုပါတယ်။ ကျွန်တော့်မှာကတော့ 'ဆုတော်ငွေ' ကိစ္စ ဝေးလို့၊ ဒီပရိသတ်နဲ့ ကျွန်တော် ဘယ်လို ငြိအောင် ဆိုရမယ် ဆိုတာတောင် မစဉ်းစားရဲဘူး။ ကြည့်ဦး ဆိုဖို့စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ သီချင်းတွေက 'ချစ်မိုးကြီး၊ မိုး' စတဲ့ သီချင်းတွေ။ အေးရုံ တွင် မကဘူး။ လွမ်းရ ဆွေးရမယ့် သီချင်းတွေ။ အောက်က ပရိသတ်က မူးပြီး သောင်းကျန်းနေတာ။ ဘယ့်နှယ် လုပ်ရပ့်။ ဟိုကောင် ဇော်ဝမ်းကတော့ တူးပို့ တူးပို့နဲ့ မြူးဖို့ဆိုတော့ အိုကေမှာ သေချာနေပြီ ဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကိုယ်က အလွမ်းသီချင်း အတည်အခံ့ သီချင်းပဲ ဆိုတတ်တာဆိုတော့ မရဲတရဲနဲ့ပဲ စင်ပေါ် တက် ဟဲရပါတော့တယ်။ မကြောက်စဖူး ကြောက်ဒူးတွေများ တုန်လို့။

ဒါပေမယ့်ဗျာ ကျွန်တော် စင်ပေါ်တက်ပြီး သီချင်းနာမည် "ချစ်မိုးကြီး" လည်း ကြေညာလိုက်ရော ဆူညံ မူးယစ်နေတဲ့ ကခုန် နေတဲ့ ပရိသတ် နည်းနည်း ငြိမ်သွားပါတယ်။ ဟော သီချင်းလည်း စဆိုလိုက်ရော "ညိုရောင်မှိုင်းမှုန် မိုးတိမ်ယံက ဆိုင်း ဆိုင်းခဲ့လေပြီ" လွမ်းချလိုက်တာ ပရိသတ် ငြိမ်ကျသွားတော့တာပဲ။ အဲ... သီချင်း တစ်ဝက်လောက်မှာ စင်ပေါ်ကို ပရိသတ် တစ်ယောက်စ နှစ် ယောက်စ တက်လာတော့တာပါပဲ။ လက်ထဲမှာလည်း ညစ်နွမ်း နေတဲ့ သူရို့ငွေ "ရင်းဂစ်"လေးတွေ ကိုင်လို့။ ဆုတော်ငွေလေး။ ဒါပေမယ့် အခြေခံ အလုပ်သမားတွေ ဆိုတော့ သိပ်များများ မဟုတ်ပါဘူး။ ငါးကျပ် တစ်ဆယ် စသဖြင့်လောက်ပါပဲ။

ဒီလိုနဲ့ ဆိုရင်း ဆိုရင်း ပရိသတ်တွေ စင်ပေါ်တက်တက် လာပြီး ဆုတော် ငွေလေးတွေ ချလိုက်ကြတာ နည်းပါဘူးဗျာ။ တချို့လည်း ဖက်နမ်းလို့ တချို့က ငိုမဲ့မဲ့၊ တချို့က ရှိက်ကြီးတငင်



www.burmeseclassic.com

www.burmeseclassic.com



တချို့ကျတော့လည်း သူရို့ခါးကြားထိုးလာတဲ့ ပုလင်းပြားလေးတွေ ထုတ်တိုက်လို့ စင်ပေါ်မှာပဲ မရှက်တမ်း မော့ရပါသေးရဲ့။

ကျွန်တော်က "ဆို" သူရို့က "ငို"နဲ့ပဲ ကျွန်တော့် အလှည့် ပြီးသွားပါတယ်။

ဒီတော့မှ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိတယ်။ တကယ် တော့ စောစောက သူရို့ မူးပြီး ကခုန်နေတာ ပျော်လို့မှ မဟုတ်ဘဲ။ မြန်မာပြည် လွမ်းလို့၊ မြန်မာ့ဆိုင်းသံ ကြားလို့ တစ်နည်းအားဖြင့် အလွမ်းဖြေ နေကြတာ ဟုတ်လားလေ။ ဒါကြောင့်လည်း ကျွန် တော့်ရဲ့ အလွမ်း သီချင်းတွေကို သူရို့ ရှိုက်မဲ့ပိုက်ဆံလေးတွေ နဲ့ ဂုဏ်ပြုကြတာကို စိတ်ထဲ မကောင်းလိုက်တာလေ။

ပွဲပြီးတော့ ဇော်ဝမ်းကို မေးတယ်။ မင်း ဆုတော်ငွေ ဘယ် လောက် ရလဲလို့။ "ဟ ကောင်ရ ရှိသမျှ အကုန် မင်းရ သွားတော့ ငါ တစ်ပြားမှ မရတော့ဘူးပေါ့"တဲ့။

❖



www.burmeseclassic.com

www.burmeseclassic.com

## မလေးရှားမှာ ယမကာရှာ

မလေးရှားသွားတော့ မြန်မာ့ လေကြောင်းနဲ့ သွားတာပါ။ မြန်မာ လေယာဉ် အမှုထမ်းတွေ စုံပေါ့။ ဒီတော့ ဆက်ဆံရေး အဆင်ပြေတာပေါ့။ ပြီးတော့ အများစုက အနုပညာရှင်တွေမို့ တာဝန် အမှုထမ်းတွေက ထုံးစံအတိုင်း မျက်နှာသာ ပေးကြပါတယ်။ ဓာတ်ပုံတွေ တွဲရိုက်ကြ၊ မိတ်ဆက်ကြနဲ့ပေါ့။ စားစရာ သောက်စရာတွေ ဆိုတာလည်း လိုလေသေး မရှိပါပဲ။ အစပိုင်းတော့ ထုံးစံအတိုင်း တွန်းလှည်းလေးတွေနဲ့ စနစ်တကျ လိုက်ပို့တာပါ။ နောက်ပိုင်းတော့ သိတယ် မဟုတ်လား။ အနုပညာသည် ဆိုတာတွေက ခပ်ကဲကဲတွေ။ နောက်ဖေး စားသောက်ခန်းထဲ ဝင်ပြီး စားချင်ရာ နှိုက်စား၊ သောက်ချင်ရာ ယူသောက် ဖြစ်ကုန်ပါလေရော။ ဗျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ဆိုရင် လေယာဉ်မောင်းခန်းထဲ ရောက်သွားပြီး လေယာဉ်မှူးတွေနဲ့ စကားပြော နေခဲ့တာ။

'အရက်'ဆိုတာကလည်း ပထမတော့ ခွက်ခြင်ကလေးတွေနဲ့။ နောက်လည်းကျရော ပုလင်းလိုက်ဆွဲတော့တာပဲ။ ဒီတော့ ဘာဖြစ်သလဲ မူးကုန်တာပေါ့။ မူးတော့ ဘာဖြစ်သလဲ။ အရက်နာကျတာပေါ့။ မလေးရှားရောက်တဲ့ အခါကျတော့ အရက်ဆာလာကြပြီပေါ့။ ခက်တာက ညကြေးတွေက မြန်မာငွေနဲ့ ရန်ကုန်မှာကတည်းက ယူထားပြီးနေပြီ။ ဟိုမှာ သုံးဖို့ 'ရင်းဂစ်'က 'ဆုတော်ငွေ'ပဲ မျှော်လင့်စရာ ရှိတာ။ ပွဲက ရောက်ရောက်ချင်း စတာ မဟုတ်ဘူး။ နောက်ရက်မှ။ ဒီတော့ ရောက်ရောက်ချင်းနေ့ သုံးစရာ ငွေမရှိဘူး။ ဒီတော့ အရက်သောက်ဖို့ အခက်အခဲ တွေ့ရတာပေါ့။ လေယာဉ်ပေါ်မှာကလည်း သောက်ချင်တိုင်း သောက်လာတာမို့ အရက်နာကလည်း ကျနေပြီ။ အတူ သွားကြတဲ့ အနုပညာသည်တွေခမျာ တောင်မင်း မြောက်မင်း မကယ်နိုင် ဖြစ်နေကြတာပါ။ 'ဇော်ဝမ်း' ဆိုတဲ့လူလည်း အားကိုးရမလား မှတ်တယ်။ ဒီကောင်က ချေးကျရာ ပျော်တာမို့ မလေးရှား ရောက်တာနဲ့ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ကန်ထရိုက်တွေကလည်း ပွဲစီစဉ်ရမှာမို့ တစ်ယောက်မှ မအားလပ်ကြဘူး။ ဟိုတယ်မှာ ဒီအတိုင်း ငူငူငေါင်ငေါင် ထိုင်နေရတော့တယ်။ ဟိုတယ် ဆိုပေမယ့်လည်း ရန်ကုန်က ခပ်ညံ့ညံ့ တည်းခိုခန်းလောက် ရှိတာပါ။

နောက်ဆုံး ဖြစ်ချင်ရာဖြစ်ဆိုပြီး 'ကုသိုလ်'ကို လင်းဟို့လို့



www.burmeseclassic.com

www.burmeseclassic.com



ကွာလာလမ်ပူ မြို့ထဲ ပိုက်ဆံ မပါဘဲ ယောင်လည်လည် လမ်းလျှောက် ထွက်ခဲ့ပါတော့တယ်။ မြန်မာ တစ်ယောက်တလေတော့ တွေ့နိုင်ကောင်းရဲ့ပေါ့။ မရှက်နိုင်တော့ဘူးလေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ရုပ်တွေမြင်ရင် သူ့ရို့ မှတ်မိမှာပဲ။ လက်ဖက်ရည် သောက်တော့ ဖိတ်မှာပဲ။ အဲဒီအခါ အရက်တိုက်ခိုင်းရတော့မှာပဲ။ ကြည့်စမ်း အရက်သမားတွေ အရှက်တရား ကင်းမဲ့ပုံ ပြောပါတယ်။

ဒီလိုနဲ့ ဟိုလျှောက် ဒီလျှောက် နေလိုက်တာ အတော် ကြာတယ်။ မြန်မာ တစ်ယောက်မှ မတွေ့ဘူး။ တွေ့မယ်တွေ့တော့ မလေးရှား ပုလိပ်တွေနဲ့ချည်းပဲ။ သူ့ရို့က မြန်မာဆိုရင် တရားမဝင် ချည်း ထင်ပြီး လိုက်ချောင်း နေတက်ကြတာကိုး။ ကိုယ့်ပါတဲ့ ပတ်စ်ပို့နဲ့ ဂီတအဖွဲ့ ကတ်ပြားပြပြီး ရှင်းနေရတာ အလုပ်တစ်ခု။ ကျွန်တော်တို့က အရက်ဆိုင်၊ ဘားဆိုင်တွေကိုလည်း ရှာပါတယ်။ ခက်တာက မလေးရှားဟာ မွတ်ဆလင်နိုင်ငံ၊ အစ္စလာမ် ဘာသာဝင် များတယ်။ ဒီတော့ အရက်ဆိုင် ရှားတယ်။ ပြီးတော့ ကျွန်တော်တို့က မရောက်ဖူးလို့ ယောင်လည်လည် ဖြစ်နေတယ်။

ဒီလိုနဲ့ ကုန်တိုက်ကြီး တစ်ခုရှေ့ ရောက်တော့ လူစုစုစု တွေ့ရပါတယ်။ ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်နေကြလေရဲ့။ ကြည့်လိုက်တော့ လား လား ကျွန်တော်တို့နဲ့ အတူပါလာတဲ့ မင်းသမီး ငယ်လေးတွေနဲ့ ဟိုက မြန်မာ လူငယ်လေးတွေ ဓာတ်ပုံ တွဲရိုက် နေကြတာကိုး။ ပိုင်ပြီ။ သူ့ရို့နဲ့ သွားရောလိုက်ရုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အောင်မယ် သူ့ရှိ.ကလည်း ချက်ဆို နားခွက်က မီးတောက်တယ် ဗျ။

"လေးလေးသု ဘာလိုက်ရှာနေတာလဲ။ ဟိုဟာလား" ဆိုပြီး လက်ကို ပုလင်းပုံစံ ထောင်ပြပါတယ်။ ဟန်ကိုယ့်ဖို့ လုပ်ပြီး ခေါင်းဆတ်ပြတော့ 'ခဏလေး' ဆိုပြီး ခတ်ပုံ တစ်ပုံ နှစ်ပုံ တွဲရိုက် သေးတယ်။ ပြီးတော့မှ ကျွန်တော်တို့ကို ခေါ်ပြီး ကုန်တိုက်ကြီးထဲ ခေါ်သွားပါတော့တယ်။ သူတို့ဟာနဲ့ သူတို့တော့ အဟုတ်ကြီးပါပဲ။ ဘာမှ မကြာလိုက်ဘူး။ အရက်တွေ ဖောချင်း သောချင်း ရောင်းတဲ့ ကောင်တာဆီ ရောက်သွားရောပါပဲ။

မလေးရှား ဝီစကီ နှစ်လုံး ဝယ်ပြီး သူ့ရှိ. ခေါ်ရာနောက် လိုက်သွားခဲ့ရပါတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# တစ်လုတ်စားဖူး

'တစ်လုတ်စားဖူး သူ့ကျေးဇူး' ဆိုတဲ့ မြန်မာစကားပုံ ရှိပါတယ်။ လူသိများပါတယ်။ ဒီနေ့ သိပ်ငယ်တဲ့ ကလေးတွေကတော့ သိပ်မသိကြဘူး။ တစ်ခါက ကလေးငယ် တစ်ယောက်က မေးဖူးလို့ပါ။ 'တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုတာ လမ်းထိပ်က တလုပ်ကြီးကို ကျေးဇူး တင်ရမှာလား'တဲ့။ ဒါနဲ့ ရှင်းပြရတယ်။ ထမင်းတစ်လုတ် သူများဆီက စားဖူးရင်တောင် ကျေးဇူးတင်ရတယ်လို့။

အမှန်တော့ ဒါက တိုက်ရိုက် ပြောရတာပါ။ ခြုံငုံပြီး ယေဘုယျ ပြောရရင် မိမိမှာ အစာအာဟာရအတွက် လိုအပ်နေတဲ့ အချိန်မှာ တစ်ပါးသူဆီ မှီခို စားသောက်ရရင် သူ့ကျေးဇူး တင်ခံရပါပြီ၊ ခုခေတ်လိုဆို လက်ဖက်ရည် တစ်ခွက် မှီပြီး သောက်ရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူး မကင်းတော့ပါဘူး။ ကုန်ကုန်ပြောရရင် အလှူ မင်္ဂလာဆောင်၊ ညှော်ခံပွဲတွေမှာတောင် ကိုယ်က ဆာလောင်နေတဲ့အချိန် စားသောက်လိုက်ရတာ ပိုပြီး ကျေးဇူးတင်ရတယ် မဟုတ်လား။

ခုပြောမှာက 'မလေးရှား'မှာ ကြုံရတဲ့ သူ့ကျေးဇူးလေး အကြောင်းပါ။ တစ်လုတ်တည်း မဟုတ်ပါဘူး။ အဝအပြဲ စားရတဲ့ တစ်ညစာပါ။ အဖြစ်က ဒီလိုပါ။

မလေးရှားမှာ တစ်ပတ်ကြာ နေခဲ့ရတဲ့ အတောအတွင်း မနက်စာ၊ နေ့လယ်စာ၊ ညစာတွေကို ကန်ထရိုက်က ကျွေးပါတယ်။ တကူးတကန့် မဟုတ်ပါဘူး။ ခရီးသွားရင်း လမ်းမှာ ကျွေးတယ်။ နားနေရင်တော့ တည်းခိုတဲ့ ဟိုတယ်ရှေ့က ဈေးတန်းမှာ ကျွေးတယ်။ ပြဿနာက အစားအစာ အမျိုးအစားပါပဲ။ ကျွန်တော်ဟာ နိုင်ငံအစုံ ရောက်ဖူးပါတယ်။ အစားအစာလည်း ကြေးမများပါဘူး။ မများတဲ့အပြင် ရောက်လေရာ အရပ်မှာ ဒေသထွက် အစားအစာတွေကို ပိုပြီး မက်မက်စက်စက် စားပါတယ်။ အတွေ့အကြုံ ရအောင်လို့ပါ။ ဒါက ပြည်ပမှာမှ မဟုတ်ပါဘူး၊ ပြည်တွင်းမှာလည်း ရောက်ရာ အရပ်မှာ ဒေသထွက် အစားအစာ ထူးထူးဆန်းဆန်းတွေ စားပါတယ်။ စကားမစပ် ပြောရဦးမယ်။ အမေရိကန်ကား ရောက်တုန်းက အမေရိကား ရောက် စာရေးဆရာမကြီး (ဒေါ်ပတ္တမြားခင်)က ဖုန်းဆက်ပြီး သား ကိုသုမောင်ရေ အိမ်ကို လာလည်ပါ။ အိမ်မှာ မြန်မာ စားအစာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိတယ်’ ဆိုလို့ ‘အစ်မကလည်း အမေရိကား ရောက်တုန်း အမေရိကန်စာ ကျွေးမှပေါ့’ ပြောလို့ အမေ့ခများ ရယ်လိုက်ရတာ မပြောပါနဲ့တော့။

အဲ မလေးရှား ရောက်တော့လည်း မလေး အစားအစာတွေ စားပါတယ်။ ခက်တာက ခံတွင်း မတွေ့တာပါပဲ။ ပူစပ်ပူလောင်နဲ့ ပေါ့ရွှတ်ရွှတ် ဖြစ်နေတာပါ။ ဒါနဲ့ တရုတ်စာ ပြောင်း စားကြည့်ပါတယ်။ ကျွန်တော်တို့ ဆီကလို အိမ်ချက် ဆိုင်ချက် မဟုတ်ဘဲ ခေါက်ဆွဲခြောက်ထုပ်လို အသင့် ရေနွေးဖျော်တာနဲ့ပဲ ကြုံရပါတယ်။ ဒါကြောင့် ကုလားစာ (ချပါတီ)လိုမျိုးပဲ စားရပါတယ်။ ကြာတော့လည်း အီလာတာပေါ့။ ကျွန်တော့်မှာ ကံကောင်းတာက မြန်မာ အလုပ်သမား စာဖတ်ပရိသတ် ကလေးတွေနဲ့ ဆုံရတော့ သူရို့က ခေါ်တာနဲ့ သူရို့လုပ်ငန်းခွင်တွေ လိုက်သွား၊ သူရို့နဲ့အတူ စားသောက်တဲ့အခါတော့ မြန်မာပါးစပ်နဲ့ အဟပ်တဲ့တာလေးတွေ စားရသောက်ရပါရဲ့။ အားနာရပါတယ်။ ရှိစုမဲ့စုနဲ့ ကျွေးကြရှာ တာကိုး။ (ဒါလည်း တစ်လုတ်စားဖူး သူ့ကျေးဇူးထဲမှာ ပါပါတယ်)

ခုပြောမှာက ထူးခြားတဲ့ ထမင်းစားပွဲလေး တစ်ခု အကြောင်းပါ။ မှတ်မှတ်ရရ ဖြစ်ပါနေတဲ့ ညစာမို့ တကူးတက ရေးရပါတယ်။

တစ်နေ့မှာ သာမန် အလုပ်သမားလို့ ထင်ရတဲ့ လူ နှစ်ယောက် ကျွန်တော်တို့ တည်းတဲ့ ဟိုတယ်ဆီ ရောက်လာပြီ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်နဲ့ ဇော်ဝမ်းရဲ့ အခန်းထဲ ဝင်လာပြီး မိတ်ဆက်ပါတယ်။ တစ်ယောက်က ကျွန်တော်တို့နဲ့ မတိမ်းမယိမ်းပါ။ တစ်ယောက်က လူငယ်ပါ။ မတိမ်းမယိမ်း ပုဂ္ဂိုလ်က ကျွန်တော်နဲ့ ဇော်ဝမ်းကို နာရီ တစ်လုံးစီ လက်ဆောင်ပေးပါတယ်။ လူငယ်ကတော့ နောက်နေ့ ညစာ ကျွေးချင်ပါတယ်လို့ ဖိတ်ပါတယ်။ သူ့နာမည်က မောင်ဘိုမင်းတဲ့။ သူက ဂျင်းဘောင်းဘီနဲ့ တီရှပ် ဝတ်ထားပါတယ်။ ကြည့်ရတာ သာမန် လက်လုပ်လက်စား ပုံစံပါပဲ။ အဲဒီအချိန်မှာ ကျွန်တော်တို့ အခန်းကို ကုသိုလ် ရောက်နေတာမို့ မောင်ဘိုမင်းက ကုသိုလ်ကိုပါ ဖိတ်ပါတယ်။ ပထမတော့ မကောင်းတတ်လို့ ဖိတ်တယ်ပဲ ထင်တာပေါ့။ နောက်မှ သူက အခြား အဆိုတော်တွေပါ ဖိတ်ပေးပါပြောပါတယ်။ ဒါနဲ့ နီးစပ်တဲ့ အဆိုတော်တွေ အခန်းကို လိုက်ပြပြီး ကိုယ်တိုင် ဖိတ်စေပါတယ်။ အားလုံးကလည်း လက်ခံကြပါတယ်။ ဒါပေမယ့် ကျွန်တော် သတိထားမိတာက ထမင်းစား ဖိတ်တာကို လက်ခံကြပေမယ့် မရဲတဲ့ မျက်လုံးတွေပါပဲ။ ဟုတ်ပါတယ်။ မောင်ဘိုမင်းရဲ့ အဝတ်အစားနဲ့ ပုံစံက သာမန် အလုပ်သမား (အထူးသဖြင့် တရားမဝင်ပုံစံ)။ ဒါပေမယ့် အနုပညာသည်တွေ ဆိုတော့လည်း ကိုယ့် ပရိသတ်အပေါ် လေးစား အားနာရမယ် မဟုတ်လား။

ဒီလိုနဲ့ ချိန်းဆိုတဲ့နေ့ ညနေ ရောက်လာပါတယ်။

အဲဒီ အချိန်မှာပဲ ဟိုတယ်ရှေ့ကို မလေးရှား နိုင်ငံလုပ် 'ပရိုတွန်'ကား အသစ်စက်စက်တွေ တစ်စီးပြီးတစ်စီး ထိုးဆိုက်



www.burmeseclassic.com

www.burmeseclassic.com



လာပါတယ်။ ကြည့်လိုက်တော့ တရုတ်ကပြား၊ ကုလားကပြား လူ့အထက်တန်းလွှာတွေပါ။ ကျွန်တော့် စိတ်ထင်က မောင်ဘိုမင်း ရဲ့ အဖွဲ့တွေထင်တာပါ။ မဟုတ်ပါဘူး။ ဘယ်သူ့ ဧည့်သည်တွေ မှန်း မသိပါဘူး။ အဲဒီအချိန်က ကျွန်တော်နဲ့ ကုသိုလ်က ဟိုတယ် ရှေ့ ပလက်ဖောင်းပေါ်မှာ ငုတ်တုတ် ထိုင်နေကြတာပါ။ ခဏနေ တော့ 'ဇော်ဝမ်း' အပါအဝင် အဆိုတော် အုပ်စုဟာ အဲဒီ ကား အသစ် ဧည့်သည် အုပ်စုနဲ့အတူ ပါသွားကြပါတော့တယ်။ ကျွန်တော်တို့ကို ခေါ်ပေမယ့် မောင်ဘိုမင်းကို ကတိပေးထားတာ မလိုက်ဖြစ်ပါဘူး။ မောင်ဘိုမင်းနဲ့ သူ့သူငယ်ချင်း အောင်ဘိုလတ် ဆိုသူတို့ မော်ဆိုင်ကယ် ကိုယ်စီနဲ့ ရောက်လာကြမှ ကျွန်တော်နဲ့ ကုသိုလ် မျက်နှာပွပွနဲ့ပဲ ဆိုင်ကယ်နောက်က ခွစီးပြီး လိုက်သွား ကြပါတယ်။ စီတန်း ပိတ်ကျပ်နေတဲ့ ကားတန်းကြီးတွေကို ကွေ့ပတ်ရင်းနဲ့ ကန်တော်ကြီး တစ်ခုပေါ် မေးတင်တဲ့ ရေပေါ် စားသောက်ဆိုင်ကြီး တစ်ခုဆီ ရောက်ခဲ့ပါတော့တယ်။ ဆိုင်တောင် ပိတ်ပါတော့မယ်။ ဒါပေမယ့် ထူးခြားတာက မောင်ဘိုမင်းက မြန်မာ မြန်မာလို့လည်း ပြောလိုက်ရော ချက်ချင်း လာပါ လာပါ ဖြစ်သွားတာပါပဲ။ လိပ်တွေ၊ ဖားတွေ၊ ငါးတွေ အရှင်ကြီးတွေ ရေကူးနေကြတဲ့ ဖန်မှန်အတွင်းတွေကိုပြပြီး ကြိုက်ရာအကောင်တွေ ရွေးပါတဲ့။ ချက်ချင်း ချက်လာပါ့မယ်တဲ့။ ဆိုင်ရှင်က ပြောပါတယ် အောင်မလေး မလုပ်ပါနဲ့ပေါ့။ အဆင်ပြေသလိုသာ ချက်ပေးပါလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောရပါတယ်။ ခဏနေတော့ ရှီးဗက် အရက်ပြင်း တစ်လုံးနဲ့ ရေခဲ၊ ဆိုဒါ၊ အမြည်းတွေ ရောက်လာပါတယ်။ စကားဝိုင်း စိုစို ပြည်ပြည် ဖြစ်တော့မှ မောင်ဘိုမင်းဟာ တရားဝင် အလုပ်သမား ဖြစ်မှန်း၊ သူ့အမေက မလေးရှားမှာ မြန်မာထမင်းဆိုင် ဖွင့်ထားမှန်း၊ သားအမိနှစ်ယောက်ရဲ့ ဝင်ငွေနဲ့ မောင်ဘိုမင်းရဲ့ အစ်ကို အင်ဂျင်နီယာ ကျောင်းမှာ ပညာသင်ပေးမှန်း သိရပါတော့တယ်။

ထမင်းတွေ ဟင်းတွေ ရောက်လာတော့ မကုန်နိုင် မခန်းနိုင် အောင် အမယ်စုံလှပါတယ်။ ခုလည်း ညဥ့်နက်နေပါပြီ။ ကျွန်တော်တို့လည်း မူးနေကြပါပြီ။ အဲဒီ အချိန်မှာပဲ မြန်မာ စကားသံတွေ ကြားလို့ လှမ်းကြည့်လိုက်တော့ လား လား ဇော်ဝမ်း ဦးဆောင်တဲ့ အဆိုကျော် အဖွဲ့နဲ့ ပရိတွန် ကားသစ်နဲ့ လာကြိုတဲ့ ဧည့်သည့်တွေပါလား။ လာကြပါ ကြွကြပါပေါ့။ သူရို့လည်း ကျွန်တော်တို့ ဝိုင်းထဲ ဝင်ထိုင်ကြပါတယ်။ မေးကြည့်တော့–

"မော်တော်ကား ယာဉ်ကြောတွေပိတ်နေလို့ ဘယ်ဟိုတယ်မှ မရောက်တော့ဘူး။ ရောက်တော့လည်း အကုန်လုံး ပိတ်ကုန်ပြီ။ ဒီနား တစ်ဝိုက် စုံစမ်းတော့မှ ကိုသုမောင်တို့၊ ကုသိုလ်တို့ မြန်မာ တစ်သိုက်တော့ တံခါးပိတ်ထားတဲ့ ဒီဆိုင်ဖွင့်ပြီး ဝင်စားနေကြတယ် ကြားလို့ ဇွတ်ပြောပြီး ဝင်ခဲ့တာလို့ ဖြေပါတယ်။ မူးမူးနဲ့ ဘာရယ် မဟုတ် 'မှတ်ထား'လို့ ပြောမိပါတယ်။ ဒါပေမယ့် လက်ကျန် 'ရှီးဗက်' ပုလင်းနဲ့ လက်ကျန် (အကောင်းချည်းရှိသေးတဲ့) ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ပန်းကန်တွေကို နောက် ရောက်လာတဲ့ ပုဂ္ဂိုလ်တွေဆီ တွန်းပို့ပေးလိုက်ပါတယ်။ ဧည့်ခံတဲ့ မောင်ဘိုမင်းရဲ့ ကိုယ်စား ဒါနမြောက်အောင်ဆိုတဲ့ သဘောပေါ့။ မောင်ဘိုမင်း ခမျာမှာတော့ ဝမ်းသာမဆုံးရှာပါဘူး။ ဩော် တစ်လုတ်စားဖူး သူ့ကျေးဇူး ပြောပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူဆိုတာဟာ

တစ်နေ့မှာ အဆိုကျော် ခင်ညွန့်ရည်က ဖုန်းဆက်လာပါတယ်။ "အစ်ကို စင်ကာပူ လိုက်နိုင်မလား"တဲ့။ ဟဲ့ သောက်ပလုတ်တုတ် ဖြစ်သွားရတယ်။ ဘယ့်နှယ်။ အရင်ကဆို သူက မြန်မာသံ ပွဲတွေ ခေါ်ပြီဆိုရင် ပြည်တွင်းပွဲတွေ ခေါ်နေကျ မဟုတ်လား။ ပြည်တွင်း ပွဲတွေတောင် သူ လှမ်းချိတ်ပြီဆိုရင် 'ဘုန်းကြီး' ပွဲတွေ များတာ။ အလှူ မင်္ဂလာဆောင်တွေများတာ။ အခုတော့ နိုင်ငံခြားပွဲ။ ပြီးတော့ မေးပုံက "လိုက်နိုင်မလား"တဲ့။ နိုင်ငံပေါင်းစုံ ရောက် ဖူးနေတဲ့ 'သုမောင်' ကို အတော် အထင်ကြီးနေပုံ ရလေရဲ့။ ဒါနဲ့ ရှင်းရှင်းပဲ ပြောလိုက်ရတယ်။

"ဟဲ့ ဘာကြောင့် မလိုက်နိုင်ရမလဲ" ဟဲ့။ ဒီတော့ သူက–



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက် ချီးမြှင့်ရမလဲ"

"ညည်း စီစဉ်တဲ့ ပွဲမို့လား"

"ညီမပွဲလည်း ပြောလို့ရတယ်၊ ညီမသူငယ်ချင်း စီစဉ်တာပါ"

"အင်း... ညည်းဟာ ဘာကြီးလဲ ကဲ...ကဲ... ဒါဆိုလည်း ဈေးစကား မပြောတော့ပါဘူး ကြည့်လုပ်ပေါ့"

"ပြောသာပြောပါ အားမနာပါနဲ့"

သူက သူ့ပွဲ (သူ့သူငယ်ချင်းပွဲ)လည်း ပြောရဲ့။ ဈေးစကားလည်း အားမနာပါနဲ့ချည်း ထပ်တလဲလဲ ပြောနေပါတယ်။ နောက်ဆုံးတော့ မလေးရှား ပွဲနှုန်းအတိုင်းပဲ ပေးပါဆိုပြီး ပြောလိုက်ရပါတယ်။

သုံး လေးရက်နေတော့ သူနဲ့ သူ့သူငယ်ချင်းဆိုသူ အမျိုးသမီး အိမ်ရောက် လာပါတယ်။ အဲဒီ အမျိုးသမီးကို မြင်မြင်ချင်း စိတ်ထဲရင်းနှီးနေသလို ဖြစ်သွားပါတယ်။ ညှော်ခံစကားပြောတော့မှ–

"အစ်ကို နီနီ့ကို မမှတ်မိဘူး ထင်တယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က 'နီ့' သားသမီးတွေ မုံရွာမှာ ရှင်ပြုနားသ လုပ်တုန်းက အစ်ကိုလာပြီး သီချင်း ဆိုတာလေ"ဆိုမှ ဇာတ်ရည်လည်တော့တယ်။ ခုတော့ သူက စင်ကာပူမှာ အခြေကျနေပြီကိုး။ အဲဒါ မြန်မာသံ ပွဲတစ်ပွဲ ဟိုမှာ ပွဲသွင်းချင်လို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ လူရင်းတွေ ဖြစ်ကုန်ပြီမို့ ညကြေးတွေ ဘာတွေ မပြောတော့ဘဲ လက်ခံ ရပါတယ်။ 'ခင်ညွန့်ရည်' မျက်နှာရော 'မနီနီ' မျက်နှာနဲ့ရော ဆိုပါတော့။

ရှေ့က အပတ်တွေမှာ ပြည်ပခရီးတွေ၊ အဲဒီက တေးသီချင်း ဖျော်ဖြေပွဲတွေအကြောင်း ရေးခဲ့ပြီးပါပြီ။ စင်ကာပူ ဖျော်ဖြေပွဲဟာ လည်း ဒီနည်းတူ သိပ်ပြီး မထူးခြားပါဘူး။ ပြောရရင်တော့ ပြည်ပ ဖျော်ဖြေရေးတွေ ထဲမှာတော့ အအောင်မြင်ဆုံးလို့ ပြောရပါလိမ့် မယ်။ ပရိသတ်လည်း များပါတယ်။ ရုံပြည့်ပါပဲ။ ညကြေးရော၊ ဆုတော်ငွေတွေလည်း အများကြီး ရပါတယ်။ ကျွန်တော်နဲ့ အသံ လည်း တစ်ထပ်တည်းတူတဲ့ သားတော်မောင် ဖိုးသောကြာကိုပါ ဖိတ်လို့ သားရဲ့ ပထမဆုံး ပြည်ပ ဖျော်ဖြေရေးပွဲစဉ်လည်း ဖြစ်သွား ခဲ့ပါတယ်။ သားအဖ နှစ်ယောက် သီချင်းတစ်ပုဒ် တွဲဆိုတော့ ပရိသတ်က အလွန် သဘောကျကြပါတယ်။ နည်းနည်းလေး ထူးခြားတာက ဇာတ်ရုံနဲ့ ဇာတ်စင်ပါပဲ။ အလွန် ကောင်းတဲ့ နိုင်ငံတကာ ဇာတ်စင်မှာ ဖျော်ဖြေခွင့် ရခဲ့ပါတယ်။ ပိုပြီး ထူးခြား တာက ကျွန်တော်တို့ နိုင်ငံကရော ကမ္ဘာ့နိုင်ငံ အသီးသီးကပါ လေးစား အထင်ကြီး နေကြတဲ့ ပညာရေး တန်ဖိုးကြီးတဲ့ စက်မှု လက်မှုကျောင်း 'ပိုလီတက်ခနစ်' ဘွဲ့နှင်းခန်းမမှာ ကျင်းပတာ မို့လို့ပါပဲ။ စကားမစပ် ပြောရပါဦးမယ်။ အဲဒီခန်းမကို ရောက်တော့ သူရိ ဂုဏ်ယူပြီး ပြသထားတဲ့ အဲဒီကျောင်း ဖြစ်ပေါ်လာပုံ၊ အခြေ မြစ် ချပုံ စတဲ့ ဓာတ်ပုံတွေ မှန်ပေါင်သွင်း ပြသထားတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြည့်လိုက်တဲ့အခါ အံ့သြဝမ်းသာ ဖြစ်ရပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီ ဓာတ်ပုံမှတ်တမ်းတွေ ထဲမှာပါတဲ့ ကျောင်းအုပ်ကြီး အပါအဝင် အတတ်ပညာရှင် တချို့ဟာ ကျွန်တော်တို့ဆီက နတ်မောက် စက်မှုလက်မှု အထက်တန်းကျောင်းက (ကျောင်းဖွင့်စက) ဆရာကြီးတွေ ဖြစ်နေလို့ပါပဲ။ ဪ် လက်စသတ်တော့ တစ်ချိန်က ကျော်ကြားခဲ့တဲ့ ကျွန်တော်တို့ရဲ့ နတ်မောက် စက်မှုလက်မှုကျောင်းကို စံနမူနာ ယူပြီး သူရို့က 'ပိုလီတက်ခနစ်' ဆိုပြီး ဒီကနေ့ ခေတ်မီဆန်းသစ်နေတာပါလား။ ဘာကြောင့် ဂုဏ်ယူဝမ်းသာ သွားရသလဲဆိုတော့ ကျွန်တော် 'သုမောင်'ဆိုတဲ့ အနုပညာရှင်ဟာ ငယ်ငယ်က 'နတ်မောက်' ကျောင်းထွက်ကိုး ခင်ဗျ။ လွမ်းစရာလေးတွေပေါ့နော်။

ကျွန်တော့် ရေးဟန်အတိုင်း စင်ကာပူမှာ ထူးထူးခြားခြား ကြုံရတာ လေးတွေ ရေးပါတော့တယ်။ ထူးထူးခြားခြား ဆိုပေမယ့် 'ထူးမခြားနား'ပဲ ဖြစ်သွားမလားတော့ မဆိုနိုင်ပါဘူး။ နိုင်ငံခြား အတွေ့အကြုံဆိုပြီး ဒီကနေ့ ဖြစ်ရပ်တွေနဲ့ သွားတဲ့ချင် တူနေမှာကိုးလေ။ ပြီးတော့ သုမောင် ဆိုလိုက်တာနဲ့ 'အရက်'က မပါမပြီးဘူးကိုး။ ကြည့်ခုလည်း...

မနီနီတို့အိမ် တည်းတော့ သူရို့အိမ်က အရက်နဲ့ ကင်းပါတယ်။ သူ့ယောကျ်ား ကိုမျိုးက ခေတ်မီတယ် ဆိုပေမယ့် အရက်မသောက်တတ်ဘူး။ ဘာပဲဖြစ်ဖြစ် သူ့အားကိုးရမလား မှတ်တယ် ကျွန်တော်တို့ ရောက်သွားတော့ သူက ဆေးရုံ တက်နေရှာပါရော။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အရက်သမား ထုံးစံအတိုင်း အရက်တိုက်မယ့် ညေ့သည် မျှော်ရတာပေါ့။ တည်းရတဲ့ အိမ်က (၄)ထပ်မှာပါ။ အဲဒါ အချိန် တန်ရင် ပြတင်းပေါက်ထွက် မျှော်ရာက အမှတ်မထင် တိုက်နဲ့ မလှမ်းမကမ်းမှာ အချိန်ပြည့် ဖွင့်တဲ့ ဈေးတန်းကလေး တစ်ခု သွားတွေ့ပါရော။ မျက်စိများ ကောင်းချင်တော့ ဈေးတန်းရဲ့ မျက်နှာစာက ဆိုင်းဘုတ်တွေထဲ ပထမဆုံးမြင်တာက 'တိုက်ဂါး ဘီယာ' တဲ့ဗျား။

ဒါလောက်ဆို သုမောင် တစ်ယောက် အဲဒီဆိုင် ရောက် လောက်ပြီဆိုတာ သိလောက်ပါပေရဲ့။ သားက အနီးကပ် ကိုယ်ရံ တော်အဖြစ် ပါလာတာမို့ ခိုးကြောင်ခိုးဝှက် သွားရပါတယ်။ ကံကောင်းချင်ပြန်တာက အဲဒီ ဘီယာဆိုင်နဲ့ ကပ်ရက် စားပွဲချင်း ဆက်ရက်မှာက လက်ဖက်ရည်ဆိုင်ပါ။ ဒီတော့ နယ်စပ် စားပွဲမှာ ထိုင်လိုက်ရင်ပဲ လက်ဖက်ရည်ရော ဘီယာရော မှာလို့ ရသွား တာပါပဲ။ ပြောချင်တာက အဲဒါ မဟုတ်ပါဘူး။ ကြုံရတဲ့ အဖြစ် အပျက် တင်ပါ။

တစ်နေ့ မနက်မှာ ကျွန်တော်ဟာ လက်ဖက်ရည် မှာသောက် နေပါတယ်။ လက်ဖက်ရည်က ဆိုင်ဖျော် ဆိုပေမယ့် သောက်နေကျ ကျွန်တော်တို့ ဆီကလို မကောင်းပါဘူး။ အခါးရည် ပေါ့ပေါ့ ချိုရဲရဲကြီးပါ။ မတတ်နိုင်ဘူးလေ။

အဲဒီမှာ ဘာဖြစ်သလဲဆိုတော့ တခြား ဘယ်သူ သောက် သွားမှန်း မသိတဲ့ သောက်ပြီးသား ခွက်တစ်ခွက်ဟာ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ ကျန်နေခဲ့ပါတယ်။ ဒါလည်း ဘာထူးဆန်းသလဲ။ ကျွန်တော့်တို့ ဆီမှာလည်း ဒီအတိုင်းပဲ ဟုတ်လား။

ဒီမှာတွင် သပ်သပ်ရပ်ရပ် ဝတ်စားထားတဲ့ စင်ကာပူ ပိုရိယံ တစ်ယောက် ကျွန်တော့်အနား ရောက်လာပါတယ်။ ကုတ်အင်္ကျီ မပါပေမယ့် လည်စီး စည်းထားပါတယ်။ ကျွန်တော့်ကို အားနာတဲ့ အမူအရာ ပြပါတယ်။ ပြီးတော့ စားပွဲထိုး တစ်ယောက်ကို လှမ်းခေါ်ပြီး ဆူပူကြိမ်းမောင်းတော့ တာပါပဲ။ ချက်ချင်းပဲ စောစောက ပြောတဲ့ သူများသောက်ပြီးသား လက်ကျန် လက်ဖက် ရည် ပန်းကန်ကို သိမ်းခိုင်း၊ စားပွဲကို သုတ်ခိုင်းပါတယ်။ ပြီးမှ ကျွန်တော့်ကို ခါးကိုင်း အရိုအသေ ပေးပြီး အမျိုးမျိုး တောင်းပန် ပါတော့တယ်။ မီးကျိုးမောင်းပျက် အင်္ဂလိပ် စကားနဲ့ပါ။ သဘော ကတော့ နိုင်ငံခြားသား စားသုံးသူ တစ်ယောက်ရှေ့မှာ ခုလို ရုပ်ပျက်ဆင်းပျက် ဖြစ်ရတာ အလွန် မှားယွင်းပါကြောင်း စသဖြင့် ပေါ့လေ။ စောစောက လက်ဖက်ရည် ပန်းကန် ကျန်နေတာကို ပြောတာပါ။ ကျွန်တော်ကတော့ သူ့ကို ဆိုင်ရှင် တစ်ယောက် အနေနဲ့ ခုလို တာဝန်ကျေတာ သဘော ကျသွားပါတယ်။ ကျွန်တော့်ကို နိုင်ငံခြားသားမှန်း သိသွားတာကတော့ မဆန်း ပါဘူး။ ကျွန်တော်က လုံချည် ဝတ်ထားတာကိုး။

ဒါနဲ့ ကျွန်တော်က

“သူဌေး (Boss) တာဝန်ကျေပါတယ်ဗျာ”ဆိုတော့ သူက ကပျာကယာ ခေါင်းရောလက်ပါ တွင်တွင်ခါပြီး–



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မဟုတ်ပါဘူး၊ No No No ကျွန်တော်က ဒီဆိုင်နဲ့ ဘာမှ မသက်ဆိုင်ပါဘူး။ ဒီဆိုင်ရှင် သူဌေးလည်း မဟုတ်ပါဘူး" တဲ့။

"နေ့ဖြင့် ခင်ဗျားက ဘာပါလဲ" မေးတော့-

"ကျွန်တော်က စင်ကာပူမြို့တော် မြူနီစပယ် အဖွဲ့က အရာရှိပါ။ မြို့တော်ရဲ့ လိုအပ်ချက် မှန်သမျှကို လိုက်ပြီး ကြည့်နေရတဲ့ သူပါ" တဲ့ဗျာ။

❖



www.burmeseclassic.com

www.burmeseclassic.com

# ယမကာနှင့် အခရာ

စင်ကာပူကို ပထမဆုံးအကြိမ် ရောက်ဖူးတာ ဖြစ်သလို စင်ကာပူဆိုတာ အာရှရဲ့ 'ကျား' နိုင်ငံပါတဲ့။ အာရှမှာ ခေတ်အမီဆုံး၊ စည်းကမ်း အရှိဆုံး၊ အသန့်ရှင်းဆုံး နိုင်ငံတဲ့။ ဒီလို ကြားဖူးထားပေမယ့် ရိုးရိုး ပြောရရင် ဟိုရောက်တော့လည်း ကျွန်တော့် အနေနဲ့ သိပ်ပြီး မထူးခြားလှပါဘူး။ အမေရိကား ရောက်ဖူးတဲ့လူမို့လားတော့ မသိဘူးပေါ့လေ။ ဘာပဲဖြစ်ဖြစ် စည်းကမ်းရှိတဲ့ နေရာမှာတော့ အမေရိကားထက် သာတာ သေချာပါရဲ့။ မြို့ အနေအထားရော လူတွေပါ စည်းကမ်း ရှိကြတော့ လှပ သေသပ်တာကတော့ အလွန်ပါပဲ။ ဒါပေမယ့် လည်တာ၊ ပတ်တာ၊ ဈေးဝယ်တာ သိပ်ပြီး ဝါသနာ မပါလှတဲ့ ကျွန်တော်ဟာ အား



www.burmeseclassic.com

www.burmeseclassic.com



အားရှိ အိမ်ထဲနေပြီး 'မျှော်'တော်ဇောနဲ့ မောနေရပါတယ်။ ဘာမျှော်နေသလဲ ဆိုတာတော့ စာဖတ်သူ သိပါတယ်လေ။ ဟုတ်ပါ့။ ယမကာပေါ့။ တိုက်မယ့် ဒကာခံမယ့် ဧည့် မျှော်တာပါ။ ဟိုမှာ သူငယ်ချင်း အင်ဂျင်နီယာ ကောင်တွေ ရောက်နေကြတာ ကြားထားလို့ သူရို့မှာ တစ်ကောင်တစ်မြီး လာကြမလား မျှော်နေရတာ အမော ပါပဲ။

ဒါပေမယ့် ရောက်မယ့် ရောက်လာတော့ ကျွန်တော်နဲ့ အသိအကျွမ်း မဟုတ်တဲ့ ပရိသတ် အမျိုးသမီး တစ်ယောက်ပါ။ သူက ဂီတပရိသတ်။ သူ့ အပြောက သူနဲ့ သူ့အမျိုးသားက တစ်နယ်စီမှာ အလုပ် လုပ်နေကြတာတဲ့။ သူက စင်ကာပူမှာ။ သူ့ အမျိုးသားက အင်ဒိုနီးရှားမှာ။ ဒီတော့ တစ်ခါတလေကျမှ လင်မယား ဆုံကြရသတဲ့။ ခုတော့ သူ့အမျိုးသား ခွင့်နဲ့ ပြန်ရောက်ခိုက် ဆုံကြလို့ ကျွန်တော့်ကို သူရို့အိမ် သီးသန့် ဖိတ်ချင်ကြသတဲ့။ အကြောင်းကလည်း သူရို့ သိပ်ကြိုက်တဲ့ ကျွန်တော့် 'သီချင်း 'ချစ်တယ်'ကို သီဆို ဖျော်ဖြေဖို့ပါတဲ့။ သူရို့ အိမ်မှာက စန္ဒရား ရှိတယ်။ အဲဒါ ထမင်းစားသောက်ရင်း ဆိုကြပြုကြမယ် ပေါ့။ လက်ဆောင်လည်း ပေးပါ့မယ်ပေါ့။ ဒါနဲ့ ကျွန်တော်လည်း ခပ်သွက်သွက်ပဲ ခေါင်းညိတ် မိပါတယ်။ 'စား' 'သောက်' ရင်း ဆိုတာကိုး။ 'သောက်' တစ်လုံးက အရေးကြီး နေတယ်လေ။ တစ်ယောက်တည်း ဖိတ်တာမို့ သား ဖိုးသောကြာလည်း ခေါ်စရာ မလိုဘူး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ စန္ဒရား ဆရာလေး လက်တို့ပြီး လာခေါ်တဲ့ ကားနဲ့ လိုက်ချသွားပါတော့တယ်။ ဟိုရောက်တော့ ထင်တဲ့အတိုင်းပါပဲ။ နှစ်ချို့ ဝီစကီနဲ့ ပွဲဖွင့်ကြရော။ ထမင်းတောင် မစားနိုင်ပါဘူး။ အမြည်းနဲ့တွင် ဝဝလင်လင် ဖြစ်လို့ပါ။ စားလိုက် သောက်လိုက် ဆိုလိုက် ကလိုက်ပေါ့လေ။ သူရို့ လင်မယားလည်း ငယ်မူတွေ ပြန်ပြီး ဝမ်းကစ် တူးကစ်တွေ ဖြစ်ကုန်ကြပါရော။

ပွဲပြီးလို့ တိုက်ပေါ်က ပြန်ဆင်းတော့ အိမ်ရှင်မက ကျွန်တော့်ကို တိုက် နောက်ဖေးဘက် ခဏကြွပါဆိုလို့ လိုက်သွားရပါတယ်။ ကားက တိုက်ရှေ့ ရပ်ထားတာပါ။ တိုက်နောက်ဖေး တခြားတိုက်နဲ့ ကျောချင်းကပ် ကွက်လပ်မှာ မြက်ခင်း ရှိပါတယ်။ အဲဒီ ကွက်လပ်ရောက်တော့ အိမ်ရှင်မက လက်ညှိုး ထိုးပြလို့ ကြည့်လိုက်တော့ တိုက်နှစ်လုံးကို ဆက်ထားတဲ့ ကွန်ကရစ် လမ်းကို တွေ့ရပါတယ်။ ထူးခြားတာက ရောင်စုံဆေးနဲ့ လှလှပပ လုပ်ထားတဲ့ အဲဒီ ကွန်ကရစ် လမ်းရဲ့ ခလယ်မှာ မညီမညာနဲ့ ဖြစ်သလို မြှုပ်ထားတဲ့ အုတ်ခဲအကျိုးအပဲ့ လေးငါးဆယ်လုံးပါပဲ။ အဲဒါလေးတွေကို အိမ်ရှင်မက သေသေချာချာ လက်ညှိုး ထိုးပြပြီး 'အဲဒါ ကျွန်မသားရဲ့ လက်ရာပေါ့'လို့ ဂုဏ်ယူဝင့်ကြွားပြီး ပြောပါတယ်။ ကျွန်တော်ကတော့ ဘာဆိုလိုမှန်း နားမလည်ဘူး။ နောက်မှ သူက ရှင်းပြပါတယ်။

သူ့သားငယ်က မူလတန်း ကျောင်းသားပါတဲ့။ သူရို့ဆီမှာ ကွန်ပျူတာနဲ့ မဲနှိုက်ရတဲ့ စနစ်တစ်ခု ရှိသတဲ့။ အဲဒါ မဲပေါက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူ ၂၅ ယောက်ကို တစ်လ တစ်ခါဆိုလား ဝန်ကြီးချုပ်က ခေါ်တွေ့ပါသတဲ့။ ဘယ်သူမဆိုပေါ့။ ပြီးရင် လိုအပ်တာ၊ ဆွေးနွေးချင်တာ၊ အကူအညီ တောင်းချင်တာ၊ ဝေဖန်ချင်တာ စသဖြင့်ပေါ့လေ။ ပွင့်ပွင့်လင်းလင်း ပြောဆိုခွင့် ရပါသတဲ့။ အဲဒါ တစ်ခါတော့ သူ့သားလေးက အဲဒီမဲ ပေါက်သတဲ့။

ဘာဖြစ်သလဲ ဆိုတော့ ဒီကလေးက ကျောင်းသွား ကျောင်းပြန်မှာ အဲဒီ တိုက်နောက်ဖေး မြက်ခင်းက ဖြတ်တာကိုး။ မြက်ခင်းကလည်း အမြဲတမ်း ရေဖျန်းထားတော့ စိုစိ စိုစိနဲ့ပေါ့။ ဒီတော့ သူ့ဖိနပ်ကလေး ရေစိုတာပေါ့။ ဒီမှာ ကလေးက ဘာလုပ်သလဲ ဆိုတော့ နီးရာ အုတ်ခဲကျိုးလေးတွေယူပြီး ဖြစ်သလိုခင်း၊ အဲဒီပေါ် နင်းပြီး လျှောက်သတဲ့။

စောစောက ပြောသလို ဝန်ကြီးချုပ်နဲ့ တွေ့တော့ ဟိုက ဘာအလိုရှိသလဲ မေးတဲ့အခါ ကလေးဆိုတော့ သူ့ အခက်အခဲ ပြောတယ် ထင်ပါရဲ့။ သူ့အုတ်ခဲ လေးတွေနေရာမှာ ကွန်ကရစ်လမ်း ခင်းပေးပါ ပြောသတဲ့။ ဒီအခါ ဟိုကလည်း လုပ်ပေးပါ့မယ် လူကြီးမင်းခင်ဗျာဆိုပြီး ချော့မော့တာပေါ့လေ။ ဒီမှာ အရေးကြီးတာက ကလေးဆိုပြီး ဖြစ်ကတတ်ဆန်း ပြီးပြီးရော ကွန်ကရစ်လမ်း မခင်းဘဲ အဲဒီကလေး လုပ်ထားတဲ့ အုတ်ခဲကျိုးလေးတွေကို ပုံစံမပျက် ဒီအတိုင်းထားပြီး နံဘေးက ရောင်စုံကွန်ကရစ်လမ်းလေး ခင်းပေးလိုက်တာပါ။ ဆိုလိုတာက နောင်အနာဂတ် မျိုးဆက်သစ်ကို အလေးထားတဲ့ သဘောပါ။ ဒါလေး ရေးပြရတာက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆီမှာလည်း ဒီလိုပဲ မျိုးဆက်သစ်တွေကို လက်ကမ်း နေကြတာ မကြာ မကြာ တွေ့နေရလို့ လူကြီးဆိုတာ ဒီလိုပဲ အသေးအဖွဲက စပြီး ဂရုစိုက်ကြပါလား ဆိုတာလေး ပြောချင်လို့ပါ။

လူကြီးလူကောင်းတွေ အကြောင်းနဲ့ မျိုးဆက်သစ်တွေ အကြောင်း ပြောပြီးတော့ ကြားထဲက အရက်သမားအကြောင်း ပြောပါရစေ။ အဲသလို ပရိသတ်က အိမ်ခေါ် အရက်တိုက်တာ တကယ်မိတော့ နောက်ထပ် ညှော်သည် မျှော်မိပြီပေါ့ဗျာ။ ထင်တဲ့ အတိုင်းပါပဲ။ သူငယ်ချင်း အင်ဂျင်နီယာကောင်တွေ ရောက် မလာခင် စင်ကာပူမှာ ထုတ်ဝေတဲ့ မြန်မာမဂ္ဂဇင်းက အယ်ဒီတာချုပ် တစ်ယောက် ရောက်လာပါတယ်။ 'ဒေါက်တာခင်မောင်လတ်'တဲ့။ ဆရာဝန် မဟုတ်ပါဘူး။ ပါမောက္ခပါ။ ဘူမိဗေဒ ပညာရှင်ပါ။ သူ ထုတ်ဝေနေတဲ့ မဂ္ဂဇင်းက 'ရွှေမြန်မာ'။ သူက စာပေဝါသနာ ကြီးသူမို့ အရှုံးခံ ထုတ်နေမှန်း နောက်မှ သိရပါတယ်။ ဟုတ်ပါရဲ့။ နိုင်ငံရပ်ခြားမှာ မြန်မာမဂ္ဂဇင်း တစ်အုပ် ထုတ်ရတာ မလွယ်ပါဘူး။ စရိတ်စက ကြီးလှပါတယ်။ ပြန်ရောင်းတော့ ဈေးကွက် မရှိဘူး။ ရောင်းဈေးက ဒေါ်လာနဲ့။ ဖတ်မယ့်သူ ရွှေမြန်မာတွေ ခများက စားဝတ်နေရေးနဲ့ အလုပ်ရှုပ်နေလို့ စာဖတ်ချိန်က သိပ်မရှိရှာ ကြဘူး။ တော်ရုံ ဝါသနာနဲ့ စာဖတ် စာရေး မလုပ်နိုင်ပါဘူး။ ထုတ်ဝေရေးဆိုတာ ဝေလာဝေးပေါ့။ ဒီတော့ သူရဲကောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



'ဆရာခင်မောင်လတ်'က ကြုံတုန်းကြုံခိုက် စာရေးဆရာ 'သုမောင်' ဆီက စာမူ တောင်းပြီပေါ့။ ဒီကလည်း အကွက်ချောင်းနေတာမို့

"ရပါတယ် ဆရာရယ် ရေးပေးပါ့မယ်၊ လက်ဖက်ရည်ဆိုင် သွားကြတာပေါ့"

ဟိုကလည်း သိလိုက်ပါရဲ့လေ။

"ဘီယာ သောက်ပါလား ဆရာသု"တဲ့။

"ဈေးကြီးမှာပေါ့ဗျာ"

"ငါးကျပ်ပါ ဆရာသုရယ်"

ငါးကျပ်ဆိုတာ မြန်မာလို သုံးနှုန်းတာမို့ စကားအနေနဲ့ ချိုသာပေမယ့် ငါးဒေါ်လာ ပြောတာပါ။ ဒါပေမယ့် အရက်ဆိုရင် ပြီးရော ဖြစ်နေတဲ့ကောင်ကတော့ အကယ်ဒမီမင်းသားပီပီ ရယ်ကျဲကျဲ လုပ်ပြီး 'အင်း သက်သာသွားပဲနော်' လုပ်ချလိုက်ပါရောလား။

ဘာပဲဖြစ်ဖြစ် တကယ်တမ်းကျတော့ စာရေးဆရာစိတ် ကလေး ပေါ်လာတာမို့ ညအိမ်ပြန်ရောက်တော့ စာမူကောင်း တစ်ပုဒ် ရေးဖြစ်သွားပါတယ်။ စာမူခလည်း မယူပါဘူး။ တကယ် တမ်း စာမူခ ယူရင်လည်း မြန်မာငွေနဲ့ ကျွန်တော် နစ်နာမှာပါ။ စင်ကာပူ ဒေါ်လာနဲ့ဆိုလည်း သူ့ခမျာ မသက်သာပါဘူး။

ခုဟာက 'စာပေ'စိတ်နဲ့မို့ စာမူခဟာ အပရိက ဖြစ်သွား ပါတယ်။ အကျိုးအမြတ်ကတော့–



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ဘူမိဗေဒနော်"

"ဟုတ်ပါတယ်။ ကျွန်တော်က ဒီစင်ကာပူမြန်မာ ဘူမိဗေဒ ပညာရှင်များ အသင်းမှာလည်း ဥက္ကဋ္ဌပါ"

"ကျွန်တော်သား အငယ်ကောင်က ဘူမိဗေဒနဲ့ ကျောင်းပြီးတာ"

"ဟုတ်လား ရန်ကုန်မှာ ဘာလုပ်လဲ"

"အလုပ် မရသေးပါဘူး။ ယောင်လည်လည်ပဲ"

"ဒီပို့ဖို့ စိတ်ကူးရှိလား"

"စဉ်းစားနေတာပဲ ပိုက်ဆံ မရှိဘူးလေ"

"အဲသလောက်တော့ ရှာလိုက်ရင် ဖြစ်ပါတယ်"

"ပို့လိုက်ဗျာ"

❖



www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပူနတ်

"စင်ကာပူဆိုတာ နတ်ကြီးတယ်"

"စင်ကာပူမှာ အလုပ်ရဖို့ဟာ ကံကောင်းဖို့လည်း လိုတယ်"

အဲဒီစကား နှစ်ခွန်းကို သားငယ် စင်ကာပူ မပို့ခင်မှာ ခဏခဏ ကြားခဲ့ရတယ်။ ဟိုမှာ သွား အလုပ်လုပ်နေတဲ့ သူတွေဆီက ရော အလုပ် မရလို့ ဒုက္ခနဲ့ ရင်ဆိုင်ခဲ့ရ သူတွေဆီကပါ ကြားရတာ။ သူရို့ကတော့ မြန်မာဆန်ဆန်ကို တကယ့် ယုံယုံကြည်ကြည်နဲ့ ပြောကြတာပါ။ ကျွန်တော်ကတော့ တစ်မျိုး တွေးပါတယ်။ ပြောရတာက မတွေးလို့မှ မဖြစ်တော့ဘဲကိုး။ ကိုယ်က သားငယ် 'ထိန်ထိန်သာ'ကို ဟိုပို့ဖို့ စီစဉ်ပြီးပြီကိုး။ ဒီတော့ ဘယ်လို ဆွေးသတဲ့တုံး။ သားငယ်က ဘွဲ့ရတစ်ယောက်။ သူရတဲ့ ဘွဲ့(ဘူမိဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထိုက်တယ်အောင်လည်း ပညာတတ်ပြီးပြီ။ ရိုးရိုး ပြောရရင် ကျောင်းက သင်လွှတ်လိုက်တဲ့ ပညာနဲ့က အလုပ်ခွင်ထဲ အထူး သဖြင့် ပြည်ပလို တကယ် တတ်ကျွမ်း ပညာရှင် လိုတဲ့ ဒေသမှာ မလုံလောက်ဘူး။ ဒါကြောင့် ဘွဲ့ရပြီးခါမှ ပြင်ပမှာ ကျူရှင်သဘော ထပ်သင်ပေးနေတယ်။ ဟန်ကျချင်တော့ အေးဘုံရဲ့ အစ်ကိုကြီးက ဘူမိဗေဒ အရာရှိဘာသာနဲ့ အငြိမ်းစား ယူထားသူ။ ခက်တာက လူဆိုတာ ကိုယ့်ဆွေမျိုးသားချင်းဆို အထင်က သိပ်မကြီးဘူး။ ငယ်ငယ်က မိဘသင်တဲ့ 'ကကြီး' 'ခခွေး'တောင် ဆရာ ဆရာမ သင်တာလောက် မမှန်ဘူး ထင်တတ်ကြတယ် ဟုတ်လား။ ဒီတော့ သားကို အဲဒီ အေးဘုံ အစ်ကိုကြီးရဲ့ တပည့်ဆီ လွှတ်ရတယ်။ အဆင်ပြေချင်တော့ အဲဒီ ပုဂ္ဂိုလ်က ကျွန်တော့် ဂီတမိတ်ဆွေ စတီရီယို အဆိုတော်ဟောင်း ညိုညိုရိမ်ရဲ့ ခင်ပွန်း ဖြစ်နေတာပါပဲ။ ဒီလိုနဲ့ ဘူမိဗေဒ ကွင်းဆင်းပညာတွေ ဘာတွေ ၆ လလောက် ထပ်သင်ပေး။ (အင်္ဂလိပ် စကားပြော၊ ကွန်ပျူတာ စတာတွေ ကတော့ အများနည်းတူ သင်ရတာပေါ့လေ)။ ပြီးတော့ လေယာဉ် လက်မှတ် အသွားအပြန်ယူ၊ ဟိုမှာ စားသောက် နေထိုင်စရိတ် တစ်လစာနဲ့ လွှတ်လိုက်ရတာ။ လေယာဉ်စရိတ် အသွားအပြန် ဆိုတာက ဒီလို၊ ဟိုမှာ အခြေအနေ မဟန်ရင် ပြန်လာဖို့ ဆိုတာက တစ်ကိစ္စ။ လောလောဆယ်မှာက လေယာဉ်တွေက အသွားအပြန် ပဲ ဝယ်လို့ရတယ်။ အသွားချည်း သက်သက်ဆိုရင် သေချာဖို့ အထောက်အထားတွေ လိုတယ်။ နောက်တစ်ချက်က ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com



တချို့ရဲ့ မသမာမှုပါပဲ။ ဒီကနေ အသွား အတွက်ပဲ လေယာဉ် လက်မှတ် ဝယ်သွားတယ်။ ဟိုရောက်တော့ 'ခုန်ချ' နေလိုက်ရော။ ပြဿနာ ဖြစ်ပြီဆိုမှ ဟိုက တာဝန်ရှိသူတွေက သူ့ရိ့စရိတ်ခံ ပြန်ပို့ ရတာကိုး။ လေယာဉ် လက်မှတ်ခ ဆိုတာကလည်း မြန်မာငွေနဲ့ တွက်ရင် တနင့်တပိုး မဟုတ်လား။ ဒါကြောင့် သားငယ်ကိုလည်း လေယာဉ်လက်မှတ် အသွားအပြန် ဝယ်ပေးလိုက်ရတာ။

သူရို့စကားနဲ့ဆိုရင် 'ကံကောင်းတယ်' 'နတ်ဖက်တယ်' ဆိုရမလားပဲ။ ရောက်ပြီး မကြာခင် သား အလုပ်ရပြီဆိုတဲ့ တယ်လီဖုန်း ဝင်လာပါရော။ ကျွန်တော်ကတော့ ကျွမ်းကျင်မှုကြောင့် ပညာ တကယ်တတ်တာကြောင့် အလုပ် ချက်ချင်း ရတာလို့ ယုံပါတယ်။ ဘာပဲဖြစ်ဖြစ် ရောက်ရောက်ချင်း အလုပ်ရတယ် ဆိုတော့ ဝမ်းသာ ရတာပေါ့။ နော့ပေတဲ့ 'ဝမ်းနည်းဝမ်းသာ'။ ဟောဗျာ အလုပ်တော့ ချက်ချင်း ရပါရဲ့။ S.Pass မရသေးဘူးတဲ့။ S.Pass ဆိုတာက Skill Passport (ကျွမ်းကျင်နေထိုင် ပတ်စ်ပို့ ဆိုပါစို့) သိပ် ခက်သတဲ့။ အင်တာဗျူးတွေ စာမေးပွဲတွေ ဖြေရဦးမယ်တဲ့။ သားကတော့ "စိတ်မပူပါနဲ့ ဖေဖေရာ" ပြောတာပါပဲ။ ဘယ် နေနိုင်ပါ့မလဲ။ လေယာဉ် အသွားအပြန် စရိတ်နဲ့ ဟိုမှာ နေထိုင် စားသောက်စရိတ် တစ်လစာဆိုတာ ကျွန်တော့် ဘော့စ်ဝက်ဝွန်း ကားလေး အရည်ဖျော်လိုက်ရတာ။ တထိတ်ထိတ်နဲ့ပေါ့။ ကိုင်း.... နောက်ဆုံးတော့ ကံက ဖယ်ပါရော။ နတ်က မဖက်ပြန်ဘူး။ S.Pass စာမေးပွဲ အောင်စာရင်း မထွက်ခင် သားရဲ့ နေထိုင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ဗီဇာသက်တမ်း တစ်လက ကုန်သွားတယ်။ သားကတော့ မလေးရှား သွားပြီး စတေး ရှောင်မယ် ပြောပါသေးတယ်။ နောဲပေတဲ့ စိတ်မချတာလည်း တစ်ကြောင်း၊ S.Pass ရမှာ မဟုတ်တော့ဘူးလို့ စိတ်ချလိုက်တာလည်း တစ်ကြောင်းကြောင့် 'သားရေ ပြန်ခဲ့တော့ပေါ့'။

ကံတရားများ ထူးဆန်းလိုက်တာ။ သား ပြန်ရောက်တာ နေ့လယ်ဆိုရင် ညကျတော့ E-mail ဝင်လာပါလေရော။ S.Pass ကျပြီတဲ့။ ဟိုက် ဝမ်းသာရသလို လေယာဉ်ခ အပြန်စရိတ် နှမြောလိုက်ပါဘိ။ သွားပြန်ပြီ နောက်ထပ် လေယာဉ်ခ အသွားအပြန်။

ဘာပဲဖြစ်ဖြစ် ပြောချင်တာက ဒီကနေ့ လူငယ်တွေ နိုင်ငံခြားထွက် အလုပ် လုပ်ချင်ကြတာ ကောင်းတဲ့ ကိစ္စပါ။ ဆိုးတာတွေ မပြောချင်ပါဘူး။ အသက်အရွယ်နဲ့ စာပေဝါအရ ပြောရရင် ခုနယ်ခါမှာ လောကကြီးကို အကောင်းဘက်ကပဲ မြင်ချင်နေတော့တယ်။ ပြည်ပမှာ ဒုက္ခရောက်နေကြတဲ့ ရွှေမြန်မာတွေ ရှိပါတယ်။ ကျွန်တော့် ကိုယ်တွေ့အရလည်း သိပါတယ်။ ဒါတွေ ပြန်နူးနေရင် လူငယ်တွေ စိတ်ညစ်သွားမှာ စိုးတယ်။ ကျွန်တော့် အနေနဲ့က လူငယ်တွေ မျှော်လင့်ချက် ကြီးတာပဲ ကြိုက်တယ်။ ဟိုမှာ မကောင်းဘူး ထား၊ ကိုယ်က ကောင်းကွက်ကလေးတွေ ရွေးထုတ်ပြီး ပြရင် သူရို့လေးတွေ အားတက်မယ်။ မကောင်းကွက်တွေကိုလည်း နင့်နင့်နဲနဲ မပြောဘဲ ဖြစ်တတ်တာလေးတွေကို ရှောင်နိုင်ဖို့ပဲ လမ်းပြချင်ပါတယ်။ ဒါဟာ ဒီနေ့ ဂလိုဘယ်ကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေ တိုးဝင်နေကြတဲ့ ကိစ္စကို အလိုက်သင့် အလျားသင့် ဖေးကူတဲ့ သဘောတာပါ။ တားဆီးလို့မှ မရဘဲကိုး။ တားလည်း မတားကောင်းဘူးကိုး။ ပြည်ပ ထွက်တာမှ မဟုတ်ပါဘူး၊ ဘယ် ကိစ္စမဆို လူငယ်တွေရဲ့ ဒဿနနဲ့ ရည်မှန်းချက်ကို တားဆီးလို့ မရစကောင်းပါဘူး။

ဒီတော့ သူရို့ စိတ်ပျက်အောင် ဟန့်တားမယ့်အစား (ဖော်လိုတော့ မလိုက်နဲ့ပေါ့လေ) နံဘေးကနေ သူငယ်ချင်းကောင်း တစ်ယောက်လို ပခုံးဖက်ပြီး အကြံ ဉာဏ်ကောင်းနဲ့ ဆွေးနွေး ပေးဖို့ပါပဲ။ တိုင်းတစ်ပါး အထင်ကြီးလွန်းတာကိုလည်း လျော့ကျ သွားအောင်လည်း ထိန်းပေးသင့်ပါတယ်။ ကြီးလွန်းတာကို ပြောတာနော်။ အထင်မကြီးရဘူး မဆိုဘူး သူ့တိုင်းပြည် ကိုယ့် တိုင်းပြည် အပြန်ပြန် အလှန်လှန် အထင်ကြီးချင်စရာတွေ အများ ကြီးပါ။ ဂျာမနီရဲ့ အသည်းနှလုံး မာစီဒီးကားကို ကျွန်တော်တို့ ဆီက အထင်ကြီးသလို ဂျာမန် ဝန်ကြီးချုပ်က သူ့ဧည့်ခန်းမှာ မြန်မာ့ လှည်းယာဉ်ကြော့ပန်းချီကို တခမ်းတနား ချိတ်ဆွဲထား လေရဲ့။ ဒီလိုပဲ ဂလိုဘယ် သဘောအရ ရောယှက် သွားတာတွေ လည်း အများကြီးပါ။ ဥပမာ ဒီကနေ့ လက်ကိုင်ဖုန်းတွေ ကြည့်ပါ။ ပေါ်စက ဖိမ်ခံပစ္စည်းလိုလို၊ ကာတွန်းဆရာတွေ သရော်စရာလိုလို လက်ကိုင်ဖုန်းတွေဟာ ခုဆို ဖုန်းကတ်တွေ ကွမ်းယာဆိုင်မှာ ဝယ်သုံးလို့ ရနေပါပြီ။ မယုံရင် စမ်းကြည့်ပါ။ တစ်နေ့ လက်ဖက် ရည် ရှယ်နှစ်ခွက်ပဲ လျှော့သောက်။ တစ်လစာ ဖုန်းကတ် ဝယ်သုံး



www.burmeseclassic.com

www.burmeseclassic.com



လို့ ရတယ်။ ဆိုလိုတာက တော်ရုံလူ လက်ကိုင်ဖုန်း သုံးနိုင်လာပြီ ပြောတာ။ ဒါဟာ ဂလိုဘယ်ပါပဲ။

ဒီတော့ ပြည်ပ အလုပ်သွားလုပ်၊ ကျောင်းသွားတက်တယ် ဆိုတဲ့ ကိစ္စကိုလည်း ရိုးရိုးသားသား ဂလိုဘယ် အတွေးနဲ့ပဲ တွေး စေချင်ပါတယ်။ သိပ်ပြီး အထင် မကြီးစေချင်ဘူး။ အဲ.... အထင် လည်း ပစ်စလက်ခတ် သေးမပစ်စေချင်ဘူး။ လောကကြီးမှာ ရိုးရိုး သားသား တွေးတောတတ်ခြင်းဟာ အလွန် အရသာ ရှိသလို မှန်ကန်တဲ့ ယုံကြည်မှုကို ဖြစ်စေပါတယ်။

ဒီတော့ ပြည်ပသွားချင် သွားကြပါ။ (ကိုယ့်ပြည် မမေ့ပါနဲ့)

အလုပ် သွားလုပ်ကြပါ။ (ကိုယ့်ပြည်အတွက် အတွေ့အကြုံ ရတာပေါ့) ပြည်ပ ကျောင်းသွားတက်ကြပါ။ (ကိုယ့်ပြည်အတွက် မြှင့်တင်ဖို့)

ပိုက်ဆံတွေ ထားစရာ မရှိလို့ သွားဖြုန်းတာတော့ လျှော့ စေချင်တယ်။ ကျွန်တော်နဲ့ ဘာမှ မဆိုင်ပေမဲ့ နိုင်ငံခြားငွေတွေ ဖြုန်းတီးရာ ရောက်လို့ပါ။

ပညာကို တကယ် တတ်အောင် သင်ပြီးမှ သွားကြပါ။ ဟိုမှာ မျက်နှာ မငယ်ကြရပါဘူး။ ပညာ မတတ်လို့ကတော့ ကိုယ့် ပြည်မှာလည်း မျက်နှာကောင်း မရပါဘူး။ အဲ... ပညာသင်ရင်း အချိန်ပိုင်း အလုပ် လုပ်ကြတာလည်း အပြစ် မဟုတ်ပါဘူး။ ဟိုမှာက ပြောရရင် အလုပ်ရှင်နဲ့ အလုပ်သမား လျှပ်စစ်မီးပုံးအသား အတူစီးကြရာမှာ တစ်ခုံတည်းပါ။ 'အလုပ်ဟူသမျှ ဂုဏ်ရှိစွ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ဘာတဲ့တုံး၊ 'ပြည်ပ' ဆိုတာ အထင် အရမ်းကြီးစရာ မဟုတ်သလို အထင်သေး 'ပစ်'စရာလည်း မဟုတ်ပါ။ ရိုးရိုးတွေးရင် ပြည်တွင်းပြည်ပ ဆိုတာ ကမ္ဘာကြီးထဲမှာ အတူတူရှိမင့်ဟာ။

❖



www.burmeseclassic.com

www.burmeseclassic.com

# စင်ကာပိုရီယန်နှင့် အမေရိကန်

ကမ္ဘာ့စီးပွားရေးတွေ ကျဆင်းစပြုတော့ တကယ်ပဲ စိတ်ပူမိပါရဲ့။ ပထမတော့ ကိုယ်နဲ့ မဆိုင်သလိုပဲပေါ့လေ။ ဟုတ်ပါ့။ ကမ္ဘာ့စီးပွားရေးကပ် ဆိုတာတော့ စီးပွားရေးနဲ့ သိပ်ဆိုင်တယ်မှ မထင်ဘဲဟာကိုး။ ပြီးတော့ ကိုယ်က စီးပွားရေး ဆိုတာကို နကန်းတစ်လုံးမှ နားယဉ်တဲ့သူလည်း မဟုတ်ဘူး မဟုတ်လား။ ဒီတော့ ကမ္ဘာ့ စီးပွားရေးတောင် မသိတဲ့ကောင်။ ဒါကြောင့်လည်း နိုင်ငံကျော် စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်မင်းသား အကယ်ဒမီ သုမောင် ဒီနေ့အထိ ကားကောင်းကောင်း မစီးနိုင်သေးတာပေါ့။

ထားပါတော့။ ပြောချင်တာက အဲသလို ကမ္ဘာ့စီးပွားရေး ကျဆင်းပြီဆိုပြီး ရုတ်ရုတ်သဲသဲလည်းဖြစ်ရော ဖျတ်ခနဲ ခေါင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြီး ဒီတ်ခနဲ စဖြစ်ရတာက စင်ကာပူ ရောက်နေတဲ့ သားရဲ့ ကိစ္စ။ ဟုတ်ပါ့၊ ဒီကောင် အလုပ်ပြုတ်သွားရင် ဘယ့်နှယ့် လုပ်မလဲ။ သူ ပြုတ်တာက အရေးမကြီးဘူး။ ဇွေ့ခနဲ ပြန်ခေါ်လိုက်လို့ ရတယ်။ သူ့ကို မှီခိုပြီး ကျောင်းတက်နေတဲ့ အငယ်မပါ တွဲလောင်း ဒုက္ခရောက်တော့မှာ။ အငယ်မက ပညာရေး မဟုတ်လား။ ဟုတ်တယ်လေ ကြားနေရတာက သူရို့ဆီမှာ သူရို့ဆိုတာက အနောက်နိုင်ငံတွေမှာ ကုမ္ပဏီ တော်တော်များများ ပြုတ်ကုန်တယ် ဆိုတာကိုး။ ဒါကြောင့် သားဆီ ဖုန်းဆက်ယူရတယ်။ ဖုန်းဆက်တယ် ဆိုလို့ ပြောရဦးမယ် ဒီကနေ လှမ်းဆက် ဖုန်းဝင်ပြီးလည်းဆိုရော ဖုန်းအသာ ပြန်ချထားလိုက်ရတာ။ ဒီတော့ သားက ပြန်ဆက်ပေါ့။ ဟုတ်တယ်လေ ကိုယ့်ဆီက ဆက်ရင် FEC နဲ့ အခွန်ဆောင်ရတာကိုး။ တက်မှ မတက်နိုင်ဘဲ။

အကျိုးအကြောင်း မေးတော့လည်း သားက အေးအေးဆေးဆေးပဲ မပူပါနဲ့ အဖေရာတဲ့။ အလုပ် မပြုတ်ပါဘူးတဲ့။ လူ လျှော့ရင် ဘယ့်နှယ်လုပ်မလဲ ဆိုတော့လည်း သူရို့ သားကို လက်မလွှတ်နိုင်ပါဘူးတဲ့။ ဒီကောင် သူ့ကိုယ်သူ သိပ်အထင်ကြီးပုံရတယ်။ တကယ်တော့ ကြားနေရတာက ပန်ကာ့ထိပ်သီး လမ္ဗတ်ကြီးတွေ တောင် ခုချိန်မှာ လမ်းဘေး ရောက်နေကြတယ်လို့ ဆိုတယ် မဟုတ်လား။ အဲဒါ တထိတ်ထိတ်နဲ့ပေါ့။ သားဆီက ဖုန်းလာတိုင်း အလုပ်ကိစ္စပဲ မေးမေးနေတယ်။ သူကတော့ အေးဆေးပါ အဖေရာပဲ ပြောတယ်။ ပြောပါမက ပြောရုံနဲ့တော့လည်း နည်းနည်းအေးဆေး သွားတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ချက်က ဒီကောင့် စကား တစ်ခွန်း။

ဘာတဲ့ "စင်ကာပိုရီယန်တွေ သိပ်လေကျယ်တာ ဖေဖေရဲ့။ တော်ရုံတန်ရုံ အလုပ် မလုပ်ချင်ကြဘူး။ တော်ကြော့နေချင်တယ်။ ပိုက်ဆံ ဖြုန်းချင်တယ်။ မရှိရင် ကြွေးကတ် ဝယ်သုံးကြတယ်၊ အလုပ် မလုပ်ကြဘူး" တဲ့။

ဒီစကားလေးဟာ သား ပြောနေကျပါ။ သူက ရိုးရိုး သားသား ပြောပေမယ်လို့ ခုနယ်ခါမှာတော့ ကျွန်တော့်အတွက် ဖြေဆေးပါပဲ။ ဟုတ်မှာပါ။ တော်ရုံ အလုပ်ကို သူရို့ သူဌေးတွေ ဘယ်ဆင်းလုပ်ပါ့မလဲ။ ဆိုပါစို့၊ သားက ဘူမိဗေဒ အင်ဂျင်နီယာ ကလေး။ ဟော သူ့အထက်အရာရှိ ရာထူးလျှော့ပြီ ဆိုပါစို့။ သား နေရာကို ဆင်းလုပ်မယ် ထင်သလား။ ဝေးသေး။ သူဌေးဆိုတဲ့ လူကရော မန်နေဂျာ နေရာ ဆင်းလုပ်မယ် ထင်သလား။ ပိုတောင် ဝေးသေး။

ဒီလိုပါပဲ စင်ကာပူဆိုတာက သူဌေးမြို့နိုင်ငံ။ တစ်ဆက် တည်းမှာပဲ ပညာကို အလွန်မက်တဲ့ မြို့နိုင်ငံ။ ဒီတော့ အောက်ခြေ အလုပ်သမားတွေကိုလည်း သားတို့ နေရာတွေဆီ ဘယ်လိုမှ ဆွဲတင်လို့ မရဘူး။ ဒီတော့ကာ သေသေချာချာ စဉ်းစားလိုက်တော့ သားဟာ သူ့နေရာလေးမှာ မြဲမယ်ဆိုတာ ဖြစ်နိုင်တာပေါ့။

နောက်တစ်ချက်က သားသူငယ်ချင်း တစ်ယောက်ရှိတယ်။ လုပ်ဖော်ကိုင်ဖက် တစ်ယောက်ရှိတယ်။ မလေးရှန်း အင်ဂျင်နီယာ လေး။ ခုလို စီးပွားရေး အကျပ်အတည်းတွေ ဖြစ်ပြီဆိုတော့ သူရို့



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီ ပြုတ်မှာ ကြောက်လို့ ဒီထက်ကြီးတဲ့ ကုမ္ပဏီကို ပြောင်းမယ် ဆိုပြီး အလုပ် ထွက်စာတင်သတဲ့။ အဲဒါ သူဌေးက မေးတယ် ဘာ့ကြောင့်လဲပေါ့။ ဒီတော့ ကောင်လေးကလည်း အမှန်အတိုင်း ပြောတယ်။ ကုမ္ပဏီ ပြုတ်မှာစိုးလို့ပေါ့။ ဒီအခါ သူဌေးက ဘာ ပြန်ပြောတယ် ထင်သလဲ။

"ဟော့ကောင် မထွက်နဲ့၊ မင်းတို့ကို အလုပ် မရှိရင်တောင်မှ ဒီအတိုင်း နှစ်နှစ် လခ ပေးထားနိုင်တယ်ကွ" တဲ့။

ဒီစကားဟာ ကြားပြောတာ မဟုတ်မှန်း စင်ကာပူ သူဌေး တွေနဲ့ ပေါင်းဖူးတဲ့ ကျွန်တော် သိတာပေါ့။ စင်ကာပူ သူဌေးတွေ ဟာ တခြား နေရာ ကြွားချင် ကြွားမယ်။ အလုပ်နဲ့ ပတ်သက် လာရင် မကြွားတတ်ဘူး။ သူရို့ မနိုင်ရင် အစိုးရဆီ ဒေဝါလီခံလိုက် တော့တာပဲ။

ဒီတော့လည်း သားအတွက် နည်းနည်း စိတ်အေးရပြန်တာ ပေါ့။

စကားမစပ် ဗဟုသုတလေး ပြောရဦးမယ်။ အမေရိကန် တွေကျတော့ အဲသလို အထာတွေ မရှိဘူး။ သူရို့က လူဖြူတွေသာ ဆိုတယ် သိပ်မြန်ဆန်တာ။ အမေရိကန် စစ်စစ်တွေ ပြောတာနော်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွပဲ။

ကျွန်တော် အမေရိကား ရောက်တုန်းက မနက် မနက် စီးကရက် အဝယ် ထွက်ရင် လမ်းမှာ စက်နဲ့ အမှိုက်သိမ်းနေတဲ့ အမေရိကန် တစ်ယောက်နဲ့ အမြဲလိုလို ဆုံဖြစ်တယ်။ အောင်မယ်



www.burmeseclassic.com

www.burmeseclassic.com



သင်းက အမိုက်လာသိမ်းတဲ့အခါ ၆၂ မော်ဒယ် ဖို့ဒ် မော်တော်ကား နဲ့ လာတာဗျ။ အဲဒါ....

"Good morning"

"Hello... hi" စသည်ဖြင့် နှုတ်ဆက်ပိုင်း စပ်စုတဲ့ အဆင့်ထိ ခင်မင်သွား ကြတယ်။ သူက တစ်နာရီကို ဒေါ်လာ ဘယ်လောက် ဆိုလား မသိဘူး၊ အမှိုက် ကောက်ခ ရသတဲ့။ နည်းနည်းလေးပါ။ တစ်ရက်တော့ သူ အလုပ် ပြီးချိန်နဲ့ တိုက်ဆိုင်လို့ သူ့ကို ကျွန်တော် က ကော်ဖီသောက် ဖိတ်လိုက်တယ်။ သူကလည်း ဝမ်းသာအားရ လိုက်ရှာပါတယ်။ သူ့ကားနဲ့ပဲ ကော်ဖီဆိုင်ကို ကျွန်တော်တို့ သွား ကြတယ်။ ဒီလိုနဲ့ ဟိုအကြောင်း ဒီအကြောင်းတွေ ပြောကြရင်း သူ့ဘဝ နောက်ကြောင်းကို ရောက်သွားတယ်။ အလို ဒီငနဲက အရင် ကုမ္ပဏီတစ်ခုရဲ့ C.E.O ဆိုပါလား။ ဒါကြောင့်....

"ဟာ.... မင်း C.E.O ကနေ ဘယ့်နှယ်လုပ်ပြီး အမှိုက် ကျုံးသမား ဖြစ်သွားရတာလဲ"

"ငါတို့ ကုမ္ပဏီ ပြုတ်သွားတယ်လေ"

"ငါတို့ဆီမှာက အလုပ် သိပ်ရှားတယ်ကွ"

"မင်းနှယ်ကွာ အမှိုက် ကောက်ရတယ်လို့"

"ဟ ငါ အမှိုက်မကောက်ရင် ငါနဲ့ ငါ့သားသမီး ခြောက် ယောက် ငတ်သွားမှာပေါ့။ ငါ့မိန်းမလည်း ဘားမှာ စားပွဲထိုး လုပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အမေရိကန်ပါပဲ။ သားပြောတဲ့ စင်ကာပိုရီယန်နဲ့ မကွာပေဘူးလားဗျာ။ ဒီတော့လည်း ကမ္ဘာ့စီးပွားရေး ကျဆင်းနေချိန်မှာ ကျွန်တော့်သား စင်ကာပူမှာ အေးဆေးပဲဆိုတာ ဟုတ်ပါပေ့။

❖ ❖ ❖

သုမောင်



www.burmeseclassic.com